မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၄)

ဖောက်လုပ်သောလမ်းများ ရေရှည်ခိုင်ခံ့မှုအတွက် နည်းပညာများနှင့်အညီ ဆောင်ရွက်နိုင်ရေး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကုမ္ပဏီများသို့ နည်းပညာရှင် တွဲဖက်ပေး။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် ငရုတ်ကောင်းတောင်ကျေးရွာ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းဖောက်လုပ်မှုစစ်ဆေး

သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် စက်အင်အား၊ လူအင်အား အပြည့်အဝအသုံးပြု တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆက်မိမိ ဆောင်ရွက်နိုင်ရေး စနစ်တကျ အစီအမံများပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီ ၁၅မိနစ်တွင် ငပုတောမြို့နယ် ငရုတ်ကောင်းတောင်ကျေးရွာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း လမ်း၌ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်းတံတားတို့ ပန်းအလား ဖူးပွင့်ဝေစည်

ဧရာဝတီတိုင်းသည် မြစ်ချောင်းပေါများသော ဒေသဖြစ်သည်။ ထို့ကြောင့် ယခင်က ရေကြောင်းဖြင့်သာ အဓိကအားထား၍ သွားလာခဲ့ကြရသည်။ ယခုအခါနိုင်ငံတော်က မြစ်ကူးတံတားကြီးများကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့အထိ ဧရာဝတီတိုင်းအတွင်း ပေ ၁၈၀ အထက်တံတား ၄၈စင်း တည်ဆောက်ပေးထားပြီး ဖြစ်ပေသည်။

ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ်ခံဒေသများတွင် လမ်းကွန်ရက် လမ်းမကြီး ၁၀လမ်းကို အကောင်အထည်ဖော်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့ရာ လမ်းမကြီး ၁၀ လမ်းအနက် အမှတ်(၁) လမ်းမကြီးဖြစ်သည့် မအူပင်-ရေလဲကလေး၊ ရွှေတောင်မှော်၊ ကျိုက်ပိ၊ မော်လမြိုင်ကျွန်း လမ်းပိုင်းရှိ ရာဇူဒိုင်တံတားအမှတ် (၂)ကို ဇန်နဝါရီလ ၉ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

မော်လမြိုင်ကျွန်းမြို့သည် ကျွန်းအနေဖြင့် တည်ရှိခဲ့သည့်အတွက် အခြားမြို့နယ်များနှင့် ဆက်သွယ်ရာတွင် ရေလမ်းတစ်ခုတည်းကိုသာ အားထားအသုံးပြုခဲ့ရာ ရာဇူဒိုင်တံတားအမှတ် (၂)ကို ဖွင့်လှစ်ပေးခြင်းဖြင့် ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းမြို့များသို့ လွယ်ကူစွာကူးသန်းသွားလာနိုင်ပြီ ဖြစ်သည်။ အဆိုပါတံတားသည် အမှတ်(၁၀) လမ်းမကြီးဖြစ်သည့် ဘိုကလေး-မော်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းမကြီးများနှင့်လည်း ဆက်သွယ်ထားသည်။

ဧရာဝတီတိုင်းအတွင်း မော်တော်ကားလမ်းများသာမက ပုသိမ်မြို့မှ ဒါးက၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းမြို့များကိုဖြတ်၍ လှိုင်သာယာ၊ ရန်ကုန်အထိ မီးရထားလမ်း ၈၇ မိုင်ကိုလည်းကောင်း၊ ဟင်္သာတမှဇလွန်၊ ဓနုဖြူ၊ ညောင်တုန်းလမ်း ၄၈ မိုင်ကိုလည်းကောင်း မီးရထားလမ်းသစ်နှစ်လမ်းဖောက်လုပ်လျက်ရှိရာ ဧရာဝတီတိုင်းသည် မြစ်ကြောင်းဖြင့်သာမက ရထားလမ်း၊ မော်တော်ကားလမ်းတို့ဖြင့်ပါ ဒေသအသီးသီးသို့ ကူးလူးယှက်သွယ် သွားလာနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသော လမ်းပန်းဆက်သွယ်ရေး ပြည့်စုံကောင်းမွန်ရန် ဖြည့်ဆည်းပေးလျက်ရှိရာ ယခုအခါဧရာဝတီတိုင်းအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး ပြည်သူနှင့် တပ်မတော်တို့၏ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် လမ်းတံတားအသွယ်သွယ်မှာ ပန်းအလား ယှက်နွယ်ဖူးပွင့်ဝေစည်လာပြီ ဖြစ်ပါကြောင်း မှတ်တမ်းပြုလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၂-၁-၂၀၁၀

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီ ရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လျှပ်တစ်ပြက်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	အင်္ဂလိပ်စာသုတ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီ ရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	ကလေးတို့ကမ္ဘာ
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၁၀)
၈:၀၀	၁၅။	မြဝတီ ရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေး
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၉)

ပင်လည်ဘူး၌ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံဖွင့်

ပင်လည်ဘူး ဇန်နဝါရီ ၁၁

ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်ဒွန်းအုပ်စု ဆိုင်ယားကြီးကျေးရွာ ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ စာကြည့်တိုက် စံ(၅)ချက်နှင့် ပြည့်စုံစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ရုပ်ရှင်နှင့်ဗီဒီယို ဟာသသရုပ်ဆောင် ဒီလုံး၊ နေကျော်၊ ဝိုင်းချစ်တို့က အနုပညာနှင့် စာပေခရီး ဟောပြောဆွေးနွေးပြီး သုတ-ရသ စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခတ်ကြီးက လက်ခံယူသည်။ ထို့နောက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက ငွေကျပ်တစ်သောင်း၊ ဦးချီမောင်-ဒေါ်စိန်ပေါ မိသားစုက ငွေကျပ်တစ်သောင်းကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ မနွယ်နွယ်ဝင်းက လက်ခံယူသည်။

ဖွင့်လှစ်

ဆက်လက်၍ တောင်ဒွန်းအုပ်စု ဆိုင်ယားကြီးကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မင်းထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြမွန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခတ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲပြိုင်ပွဲ ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် ညနေ ၄နာရီက နေပြည်တော် ပျဉ်းမနား ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်နှင့်ကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာ ပြခန်းတာဝန်ခံများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်မှုဇုန်များမှ တာဝန်ခံများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အလှူငွေများပေးအပ်

အခမ်းအနားတွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဌာနဆိုင်ရာပြခန်းများနှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်မှုဇုန်များမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် မော်တော်ယာဉ်ထုတ်လုပ်ရေး စက်မှုဇုန်များက အလှူငွေများပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၌ ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ရက် မွန်းလွဲ၂နာရီက တောင်ကြီးမြို့ နည်းပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပြသ

ယာဉ်ထိန်းဌာန တာဝန်ခံ ဒုတိယရဲမှူးတင့်စိုးရှိန်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်း စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေတို့က တစ်နိုင်ငံလုံး သုံးနှစ်အတွင်း ယာဉ်မတော်တဆမှု၊ သုံးနှစ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ယာဉ်မတော်တဆမှု၊ တောင်ကြီးမြို့နယ် ယာဉ်မတော်တဆမှုများအား လည်းကောင်း၊ တစ်နှစ်၊ တစ်လ၊ တစ်ပတ်အတွင်းဖြစ်ပွားရာ ဒဏ်ရာ၊ သေဆုံးမှုများအား ကိန်းဂဏန်းများဖြင့်လည်းကောင်း၊ ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားသည့် အနိဋ္ဌာရုံ ရုပ်ပုံများအားလည်းကောင်း၊ အင်တာနက်မှ ယာဉ်မတော်တဆဖြစ်ပွားပုံများကိုလည်းကောင်း ပြသရှင်းလင်းပြောကြားခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

ပညာရွှေအိုး လူမခိုး

နေပြည်တော်တပ်ကုန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉- ၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၅ရက်က အထက (၂)၌ ကျင်းပရာ ရူပဗေဒဘာသာရပ်သင်ပြမှု ထူးချွန်ဆုရရှိသော အထက်တန်းပြဆရာ ဦးမင်းသိန်းအား အထက (၂) ကျောင်းအုပ်ဆရာကြီး ဦးကျော်စိန်က ဆုချီးမြှင့်စဉ်။ (ဝ၉၁)

ပုဏ္ဏားကျွန်း၌ စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၁

ဒီဇင်ဘာအားကစားလ ကျန်းမာရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၀ရက် နံနက် ၅နာရီက ပုဏ္ဏားကျွန်းမြို့ အထက စုရပ်မှတစ်ဆင့် သုံးမိုင်ခန့်ဝေးသည့် ဆင်အင်းကြီးကျေးရွာသို့ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်ကာယလှုပ်ရှားမှုများကို ပြုလုပ်ကြသည်။

ပါဝင်ဆင်နွှဲ

စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ်အထက၊ အလကကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်ဆင်နွှဲကြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အတွက် အရေးကြီးသည့် သမိုင်းရေးအကူးအပြောင်းကာလရောက်ရှိချိန် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်အမြဲ ထားရှိခံယူ

အမျိုးသားရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကိုပါ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစေရေး စည်းရုံး လူငယ်လူရွယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး ဖော်ဆောင်

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)



ရန်ကုန် ဇန်နဝါရီ ၁၁

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) ရတနာသိဃ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ကြိုးပမ်းစွမ်းဆောင်

အခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများသည် ခေတ်မီနည်းပညာများ တတ်မြောက်ကျွမ်းကျင်ပြီး စွမ်းရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် မိမိတို့ကိုယ်တိုင်ရော၊ မျိုးဆက်သစ်လူငယ်များကိုပါ လေ့ကျင့်ပျိုးထောင်မှုဖြင့် ကြိုးပမ်းစွမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အဆင့်မြင့်ပညာကဏ္ဍမှ နိုင်ငံတော်၏ အနာဂတ်ကို ဖော်ဆောင်နေကြသော အဓိကအင်အားစုများဖြစ်သည့် သင်တန်းသား ဆရာ ဆရာမများအနေဖြင့် ပိုမိုကျယ်ပြန့်သော အမျိုးသားရေးအသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များနှင့်အတူ မိမိတို့၏ ပညာရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရေးအတွက် ယခုကဲ့သို့ မွမ်းမံသင်တန်းများတွင် တက်ရောက်လာကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးလာစေရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်မှုဖြင့် တိကျခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သမိုင်းကြောင်းအခြေအနေနှင့် အမျိုးသားရေးလိုအပ်ချက်များအရ တပ်မတော်အစိုးရအဖြစ် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်ရယူခဲ့သည့် အချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပထမဦးစားပေး လုပ်ငန်းတာဝန်ကြီးများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

အကောင်အထည်ဖော်

အကြောင်းအမျိုးမျိုးကြောင့် ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများကာလတွင် မရရှိခဲ့သော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရယူနိုင်ခဲ့ပြီး ပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးတွင် အဓိကကျသည့် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကျေးလက်ဒေသများအပါအဝင် နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းလုံးတွင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း။

တိုးမြှင့်တည်ဆောက်

ပြည်ထောင်စုတစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ကူးလူးဆက်ဆံသွားလာနိုင်ခြင်းဖြင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားများအကြား ချစ်ခင်ရင်းနှီးမှု၊ နားလည်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေရေးရည်မှန်းပြီး မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ ကားလမ်းမကြီးများစသည့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များကို တိုးမြှင့်တည်ဆောက် ဖောက်လုပ်ပေးခဲ့ကြောင်း။

နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်ပြီး နိုင်ငံ့လူဦးရေအများစု ပါဝင်လုပ်ကိုင်နေကြသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆည်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများအား အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည့်အတွက် အဓိကသီးနှံ ဆန်စပါးထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိသည့်အပြင် အဓိက ပြည်ပပို့ကုန်ဖြစ်သော ပဲမျိုးစုံ တိုးတက်တင်ပို့နိုင်မှုကြောင့် အာရှဒေသ၏ ပဲမျိုးစုံ ထုတ်လုပ်တင်ပို့မှု ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပင်မမဏ္ဍိုင်ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမှုနှင့်အတူ တစ်ဖက်တွင်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်(၁၈)ဇုန်ကို နိုင်ငံအနှံ့ ထူထောင်ပေးခဲ့ပြီး ပုဂ္ဂလိကပိုင် ပြည်တွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်ခဲ့ကြောင်း။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်ကို တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းများစသည့် အကြီးစား စီမံကိန်းကြီးများကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိကြောင်း။

လက်တွေ့အကျိုးခံစား

ယခုကဲ့သို့ ဆောင်ရွက်ရာ၌ မိမိတို့ပြည်တွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်များ စွမ်းအား၊ မိမိတို့နိုင်ငံသူနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူ့စွမ်းအားအရင်းအမြစ်စွမ်းအားများကို ရယူပြီး နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့၏ ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုစွမ်းအားများနှင့် ပေါင်းစပ်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဖော်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် တိုင်းရင်းသားပြည်သူများအနေဖြင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုများ လက်တွေ့အကျိုး ခံစားနေကြရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတာဝန်များသည် ကြီးမားကျယ်ပြန့် နက်ရှိုင်းသည်နှင့်အမျှ အကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့် အနှောင့်အယှက်အမျိုးမျိုးကို ကြုံတွေ့ခဲ့ရသော်လည်း မဆုတ်မနစ်သည့် သန္နိဋ္ဌာန်၊ ခိုင်မာသည့် စည်းလုံးညီညွတ်မှုများဖြင့် ဝိုင်းဝန်းပူးပေါင်း ဖော်ဆောင်ခဲ့ကြသည့်အတွက် ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများရရှိလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်ကြီး၏ ပုံသဏ္ဌာန်ကို တွေ့ရှိနိုင်ကြပြီ ဖြစ်ကြောင်း။

ပခုံးပြောင်းတာဝန်ယူ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လိုလားချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးပြည့်ဝရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူသွားကြမည့် လူငယ်လူရွယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ယနေ့ကာလသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ကျန်ရှိသော လုပ်ငန်းစဉ်များကို အဆင့်ဆင့် ဖော်ဆောင်နေချိန်ဖြစ်ပြီး မဝေးတော့သည့်ကာလ၌ အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြတော့မည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြီးသည့် သမိုင်းရေးအကူးအပြောင်းကာလသို့ ရောက်ရှိနေချိန်တွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင်ရော ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးပါ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်အမြဲ ထားရှိခံယူနေကြရမှာဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

ထို့ကြောင့် အမျိုးသားပညာရေးမျက်နှာစာမှ တာဝန်ယူနေသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့်များကို အဆင့်မြင့်ပညာရပ်များ သင်ကြားပေးသည်သာမက အမျိုးသားရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကိုပါ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ ၅၂၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဝဋ်မှလွတ်ကြောင်း** တရားတော် ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV_4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဓာတ်လမ်းတွဲ
- ၈:၃၀ Sports World (World of Gymnastics)
- ၈:၅၅ Activities in the City(PH Care နှင့် Myrac ၏ Ladies Special World)
- ၉:၁၀ ကျန်းမာရွှင်လန်းဝမ်းမြောက်စေမည် တနင်္သာရီ
- ၉:၃၀ Sunday Talk
- ၁၀:၃၀ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁၀:၄၅ အာစရိယဂုဏပူဇာ ကွမ်းခြံကုန်း အထက(၂)မှာ
- ၁၁:၁၀ Cartoon Show Time (CLOUDY with a chance of MEATBALLS)
- ၁၁:၅၀ များများသယ် မြန်မြန်ပို့ ပြည်သူတွေစိတ်ချမ်းသာစေဖို့
- ၁၂:၁၀ အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
- ၁၂:၃၀ ကမ္ဘည်းတွင် ကျန်ရစ်မည့် ရွှေမေတ္တာ၏ အာယုဒါနအလှူ
- ၁:၀၀ **ဝဋ်မှလွတ်ကြောင်း** တရားတော် ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival [Pop ကမ်းခြေ(၂)]
- ၃:၂၀ ကျန်းမာရွှင်လန်း ဝမ်းမြောက်စေမည် တနင်္သာရီ
- ၃:၄၅ ဂီတသံစဉ် အလှဆင် တင့်တင့်ထွန်း
- ၄:၀၅ World of Konwledge (Seconds from Disaster: Hotel Collapae Singapore)
- ၄:၅၅ Activities in the City (PH Care နှင့် Myrac ၏ Ladies Special World)
- ၅:၀၅ အာစရိယဂုဏပူဇာ ကွမ်းခြံကုန်း အထက(၂)မှာ
- ၅:၃၀ Celebrity Style (အဆိုတော် ရှင်ဖုန်းနှင့်တွေ့ဆုံခြင်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (CLOUDY with a chance of MEATBALLS)
- ၇:၀၀ Fashion Music Festival [Pop ကမ်းခြေ(၂)]
- ၇:၃၀ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)နှင့် Forever Group Co.,Ltd. တို့၏ နဝမအကြိမ် အနုပညာ ကွန်ပျူတာ ဒီပလိုမာလက်မှတ် (Dip, CA) အပ်နှင်းပွဲအခမ်းအနား
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (NWC ICT Training Centre)
- ၉:၀၅ Celebrity Style (အဆိုတော်ရှင်ဖုန်းနှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဓာတ်လမ်းတွဲ
- ၁၀:၀၀ ဟိုတယ်လမ်းညွှန် (Bagan Thiripyitsayar Sakura Hotel)
- ၁၀:၃၀ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)နှင့် Forever Group Co.,Ltd. တို့၏ နဝမအကြိမ် အနုပညာ ကွန်ပျူတာ ဒီပလိုမာလက်မှတ် (Dip, CA) အပ်နှင်းပွဲအခမ်းအနား
- ၁၀:၅၀ သင်ကြားရေးလမ်းညွှန် (NWC ICT Training Centre)
- ၁၁:၁၅ ကမ္ဘည်းတွင် ကျန်ရစ်မည့် ရွှေမေတ္တာ၏ အာယုဒါနအလှူ
- ၁၁:၃၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
- ၁၁:၄၀ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ -သိန်းဟန်(ဖီးနစ်)]
- ၁၁:၅၀ မင်းလှရေလှောင်တမံ
- ၁၁:၅၅ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၁၂:၁၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Bristol-Cardiff	ESPN(Live)
	Coventry-Portsmouth	STAR SPORTS(Live)
	Coventry-Portsmouth	MRTV-4(Live)

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြဲမာလာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမော်ဖိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အရှေ့အလယ်ပိုင်း လုံခြုံရေးကင်းမဲ့မှု အမေရိကန်တာဝန်ရှိဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၁၁

အရှေ့အလယ်ပိုင်းဒေသ၌ အစွန်းရောက်ဝါဒ ခေါင်းထောင်မှု၊ လုံခြုံမှုကင်းမဲ့မှုနှင့် မူးယစ်ဆေးဝါးပိုမို၍ တရားမဝင်ထုတ်လုပ်ရောင်းချမှုတို့သည် အမေရိကန်မူဝါဒများကြောင့် ဖြစ်ရသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မာနော့ချာမော့တာကီက ဇန်နဝါရီ ၉ရက်တွင် ထုတ်ဖော် ပြောကြားသည်။

ပြောကြား

အမေရိကန်သမ္မတဟောင်း ဂျော့ချ် ဒဗလျူဘုရှ်၏ မှားယွင်းသော အမေရိကန်မူဝါဒများသည် အရှေ့အလယ်ပိုင်းဒေသ လုံခြုံမှုကင်းမဲ့စေခြင်း၏ အခြေခံအကြောင်းတရားဖြစ်သည်ဟု တီဟီရန်သို့ အလည်အပတ်ရောက်ရှိနေသော ဘာရိန်းလွှတ်တော် ဥက္ကဋ္ဌ ဂါလီဖာဘင်အာမက်အား မော့တာကီက ပြောကြားသည်။ ဒေသတွင်းပြဿနာများကို ဖြေရှင်းနိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အီရန်အစိုးရနှင့် ဘာရိန်းလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဟု ၎င်းက ဆိုသည်။

(အင်တာနက်)

ဂျပန်လေကြောင်းလိုင်း ဒေဝါလီခံရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေ

တိုကျို ဇန်နဝါရီ ၁၁

ဂျပန်လေကြောင်းလိုင်း(ဂျေအေအယ်လ်)သည် အာရှတိုက်၏ ထိပ်တန်းလေကြောင်းလိုင်းကြီးဖြစ်သည့်အားလျော်စွာ ဂျပန်လေကြောင်းလိုင်းကြီး လုံးဝပျက်ပြားသွားမည့် အခြေအနေမှကာကွယ်ရန် ဂျပန်အစိုးရကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် လာမည့်ရက်များအတွင်း ဒေဝါလီခံရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းရရှိသည်။

အချိန်မရွေးဆောင်ရွက်နိုင်

ဂျေအေအယ်လ်၏ အဓိကကြွေးရှင်(မြီရှင်)ကြီးများက ဂျေအေအယ်လ်ဒေဝါလီခံမည့် အစီအစဉ်ကို လက်ခံရန်နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း သတင်းများကြားသိရသည်။ ဒေဝါလီခံရေးကိစ္စကို ဇန်နဝါရီ ၁၉ရက်မှစ၍ အချိန်မရွေးဆောင်ရွက်နိုင်ကြောင်း အရာရှိများက ပြောကြားသည်။

(အင်တာနက်)



တရုတ်(တိုင်ပေ)တောင်ပိုင်း ကမ်းလွန်၌တွေ့ရှိသည့် စတော်ဘယ်ရီသီးသဏ္ဌာန်ရှိ ကဏန်းမျိုးစိတ်သစ်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

စစ်သွေးကြွများ၏ အကြမ်းဖက် တိုက်ခိုက်မှု ပါကစ္စတန်၌ ပြည်သူ ၃၀၀၀ခန့်သေဆုံး

ကရာချိ ဇန်နဝါရီ ၁၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းပက်ရှ်ဝါမြို့ရှိစစ်သွေးကြွများ ခိုအောင်းရာဒေသ၌ ဇန်နဝါရီ ၉ရက်က အားပြင်းသည့် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်ခုနစ်ဦးဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါဒေသကို ရတ်တရက် ဝင်ရောက် တိုက်ခိုက်ရာမှ စစ်သွေးကြွခေါင်းဆောင်တစ်ဦးက လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခြင်းဖြစ်သဖြင့်၎င်းအားဖမ်းဆီးနိုင်ခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

၂၀၀၇ခုနှစ် ဇူလိုင်လကတည်းက သုံးနှစ်တာကာလအတွင်း လက်နက်ကိုင်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၃၀၀၀ခန့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ဗုံးပါရှိသည်ဟုလိမ်လည်မှု ဒူဘိုင်းလေကြောင်းလိုင်း၌ဖြစ်ပွား

ဒူဘိုင်း ဇန်နဝါရီ ၁၁

အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှ အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့သို့ ပျံသန်းလာသော နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုတွင် ဗုံးပါရှိသည်ဟု လိမ်လည်ပြောဆိုသဖြင့် ဗြိတိန်နိုင်ငံသားတစ်ဦးကို ရဲတပ်ဖွဲ့က ဇန်နဝါရီ ၉ရက်တွင်ဖမ်းဆီးခဲ့သည်။

အသက် ၅၈နှစ်အရွယ်ရှိ ဖောလတ်စ်သည် ဗုံးပါရှိသည်ဟု လိမ်လည်ပြောဆိုမှုအပါအဝင် လေယာဉ်ပေါ်၌ မူးယစ်သောက်စားမှုဖြင့် လန်ဒန်ရှိတရားရုံးတွင် ဇန်နဝါရီ ၁၀ရက်က ရုံးတင်စစ်ဆေးခံရသည်။

အင်္ဂလန်နိုင်ငံ၏ဥပဒေတွင် ဗုံးပါရှိသည်ဟုလိမ်လည်ပြောဆိုပါက ပြစ်ဒဏ်အနည်းဆုံး ထောင်ဒဏ်ခုနစ်နှစ် ကျခံရဖွယ်ရှိဖြစ်သည်။ **(အင်တာနက်)**

ရိုးရာအကများ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသော ပဒေသာကပွဲ၌ ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေသည်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လျှပ်စစ်မြောင်သုံးသွယ် မြေအောက်ဓာတ်အားပေးရုံ ၂၀၁၁ခုနှစ်တွင် စတင်လည်ပတ်မည်

ယီချန်း(ဟူပေ) ဇန်နဝါရီ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်နေသည့် ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်း၏ ပထမဆုံးမြေအောက်တာဘိုင်သည် ၂၀၁၁ခုနှစ်တွင် လည်ပတ်နိုင်တော့မည်ဟုမျှော်လင့်ရကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျှို့မြောင်သုံးသွယ် ကော်ပိုရေးရှင်း (စီတီဂျီစီ)က သတင်းထုတ်ပြန်သည်။

ကြေညာ

ကီလိုဝပ် ၇၀၀၀၀၀အားရှိသည့် မြေအောက်တာဘိုင်တစ်ခုသည် ၂၀၁၁ခုနှစ် ဇူလိုင်လတွင် စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း၊ ကျန်ငါးခုကို ၂၀၁၂ ခုနှစ်တွင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းဖြင့်လည်း စီတီဂျီစီက ဇန်နဝါရီ ၉ရက်၌ ကျင်းပသည့် လုပ်ငန်းဆိုင်ရာ အစည်းအဝေး၌ ကြေညာသည်။

စီမံကိန်းလျာထားချက်များအရဆိုလျှင် မြေအောက်လျှပ်စစ်ဓာတ်အားပေးရုံတည်ဆောက်ရေးလုပ်ငန်းသည် ၂၀၁၀ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ထိုလျှပ်စစ်ဓာတ်အားပေးရုံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံခြားအကူအညီမပါဘဲ တည်ဆောက်သည့် တာဘိုင်လေးခုအပါအဝင် စုစုပေါင်း တာဘိုင်ခြောက်ခုကို တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၁ခုနှစ် မိုးရာသီကာလတွင် တာဘိုင်သုံးခု လည်ပတ်သွားနိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း အဆိုပါကော်ပိုရေးရှင်းက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရန်နှင့် တူရကီ နယ်စပ်ဒေသတွင် နှစ်နိုင်ငံစက်မှုဇုန် တည်ထောင်မည်

တီဟီရန် ဇန်နဝါရီ ၁၁

အီရန်နှင့်တူရကီနှစ်နိုင်ငံနယ်စပ်ဒေသ၌ စက်မှုဇုန် တည်ထောင်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို တိုးမြှင့်ဆောင်ရွက်သွားရန် တူရကီအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

အတည်ပြု

အဆိုပါ စက်မှုကဏ္ဍစီမံကိန်းကို ဇန်နဝါရီ ၈ရက်က အင်ကာရာမြို့၌ တူရကီနိုင်ငံမှ စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီး နီဟက်အာဂန်နှင့် အီရန်နိုင်ငံမှ စက်မှုဝန်ကြီး အယ်အက်ဘာမီဟာဘင်တို့ တွေ့ဆုံ ဆွေးနွေးပြီးနောက် အဆိုပါကိစ္စရပ်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပို့ကုန်

အထူးသဖြင့် ၎င်းနှစ်နိုင်ငံ၏စီးပွားရေးနယ်ပယ်တွင် ၂၀၀၉ခုနှစ် ပထမ၁၁လအတွင်း တူရကီနိုင်ငံမှ အီရန်နိုင်ငံသို့ ပို့ကုန်ပမာဏသည် ၁၁သမ၇ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း တူရကီပြည်နယ် ဝန်ကြီး ဇာဖာကာဂယ်ယန်က ပြောကြားသည်။

ရှစ်နှစ်တာကာလအတွင်း ၎င်းမိတ်ဆွေဖက်နှစ်နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ မြင့်တက်လာခဲ့သည်။

(အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဟောင်ဖူကျန်းမြစ်ကမ်းနား၌ ၂၀၁၀ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲအတွက် ပြင်ဆင်ထားသည့် အဆောက်အအုံကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ဂရိပါလီမန်အဆောက်အအုံအနီး အကြမ်းဖက် ဗုံးဖောက်ခွဲ

အေသင် ဇန်နဝါရီ ၁၁

ဂရိနိုင်ငံ အေသင်မြို့ရှိ ဂရိပါလီမန် အဆောက်အအုံအပြင်ဘက်တွင် ဇန်နဝါရီ ၉ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည်။

ပြစ်တင်ရှုတ်ချ

အကြမ်းဖက်တိုက်ခိုက်ပြီး မကြာမီမှာပင် ဂရိဝန်ကြီးချုပ် ဂျော့ပါပန်ဒရီယိုက ယင်းအကြမ်းဖက်လုပ်ရပ်ကို ပြစ်တင်ရှုတ်ချပြီးနောက် ဒီမိုကရေစီကို အကြမ်းဖက်၍ မရနိုင်ကြောင်း ပြောကြားသည်။

ပြောကြား

အကြမ်းဖက်ဖောက်ခွဲမှုကြောင့် မည်သူမျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိသည့်အပြင် ပျက်စီးမှုအတိုင်းအတာကို ချက်ချင်းမသိရသေးဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကယ်လီဖိုးနီးယားမြောက်ပိုင်း၌ ၆ဒသမ၅ အင်အားရှိ မြေငလျင်လှုပ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ဘက်ကမ်းလွန်ဒေသတွင် အင်အား ၆ဒသမ၅ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေး႒ာနက ဇန်နဝါရီ ၉ရက်၌ ကြေညာသည်။

ဗဟိုပြု

ဇန်နဝါရီ ၉ရက်က လှုပ်သည့်မြေငလျင်မှာ ဖန်းဒေးအနောက်ဘက် ၃၅ကီလိုမီတာနှင့် ဆာခရမ်မင်းတို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၃၆၀အကွာနှင့် မြေအောက် ၁၆ကီလိုမီတာကို ဗဟိုပြု၍လှုပ်ခတ်သွားကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထပ်မံလှုပ်

ပထမအကြိမ် ဒေသစံတော်ချိန် ၄နာရီ ၂၇မိနစ်တွင် မြေငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲ မြေငလျင်သုံးကြိမ် ထပ်မံလှုပ်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

12-1 (04).pmd 1 1/11/2010, 9:18 PM

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

အက်ဒဝါစစ်ပွဲ(ခေါ်) ပထမအကြိမ် အီတလီ-အီသီယိုးပီးယားစစ်ပွဲ

၁၈၉၆ခုနှစ် မတ်လ ၁ရက်

တိုး ရေးသားသည်

၂၀ရာစု ချဉ်းကပ်လာသည်နှင့်အမျှ ဥရောပအင်အားကြီးနိုင်ငံများက အာဖရိကတိုက်ကို ပိုင်းကန့်ပြီး အပြိုင်ရယူ အပိုင်စီးကြသည်။ သို့သော် အာဖရိကတိုက် အနောက်ဘက်ကမ်းခြေမှ လိုင်ဘေးရီးယားသမ္မတနိုင်ငံငယ်ကလေးနှင့် အာဖရိကတိုက်၏ မဟာဗျူဟာအရအရေးပါသော ဦးချိုဒေသမှ အီသီယိုးပီးယားဘုရင့်နိုင်ငံတို့သည်သာ ကျန်တော့သည်။ အာဖရိကတိုက်တွင် ကိုလိုနီနယ်ချဲ့ရန် အခြားသော ဥရောပအင်အားကြီး နိုင်ငံများနှင့်ယှဉ်လျှင် အနည်းငယ်နောက်ကျသည့် အီတလီနိုင်ငံသည် သူပိုင်နယ်မြေနှစ်ခုနှင့် ဆက်နေသည့် အီသီယိုးပီးယားနိုင်ငံကို အောင်နိုင်ခြင်းဖြင့် အာဖရိကတိုက်တွင် သူ့အခြေပိုမိုခိုင်ခံ့ရန် ကြိုးပမ်းတော့သည်။

အီတလီနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ပထမအကြိမ် အီတလီ-အီသီယိုးပီးယား စစ်ပွဲတွင် ရင်ဆိုင်တွေ့တော့သည်။ အီတလီတပ်များသည် အီသီယိုးပီယားပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး တိုက်ဂရေးတွင် ခံတပ်များအခြေချရန် ဆုတ်ခွာလာရသည်။ ထိုနေရာတွင် နှစ်နိုင်ငံတပ်များ ရင်ဆိုင်တွေ့ကာ မီးကုန်ယမ်းကုန် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားသည်။

စစ်ပွဲစတင်

အီသီယိုးပီးယားနိုင်ငံ အက်ဒဝါမြို့အနီးတွင် ၁၈၉၆ခုနှစ် မတ်လ ၁ရက်နေ့တွင် နှစ်နိုင်ငံ စစ်ပွဲစတင်ခြင်းဖြစ်၏။ ဤစစ်ပွဲကို အက်ဒဝါစစ်ပွဲ၊ အဒိုဝါစစ်ပွဲ၊ အီတလီအသံထွက်နှင့်ဆိုလျှင် အဒူလာစစ်ပွဲဟူ၍ခေါ်သည်။ အမှန်မှာ ဤစစ်ပွဲသည် ပထမအကြိမ် အီတလီ-အီသီယိုးပီယားစစ်ပွဲပင် ဖြစ်ပါသည်။



အီတလီ-အီသီယိုးပီးယားစစ်ပွဲ (၁၈၉၆ခုနှစ်)

၁၈၉၆ခုနှစ် ဖေဖော်ဝါရီလကုန်တွင် နှစ်ဖက်စစ်သည်များအတွက် ထောက်ပံ့ရေး ပစ္စည်းများက ကုန်လုလုဖြစ်နေသည်။

ရတတ်ရာရာ ရှာဖွေစားသောက်နေထိုင်နိုင်သည့် အီသီယိုးပီးယားတပ်များအနေဖြင့် ဒေသခံလယ်သမားများ၏ ထောက်ပံ့ရေးသာ ချုပ်ငြိမ်းသွားလျှင် အီသီယိုးပီးယား ဧကရာဇ် မီနီလစ်၏ တပ်တော်မှာ စတင်ပျောက်ကွယ်တော့မည်သာဖြစ်ကြောင်း အီတလီတပ်များ၏ တပ်မှူး ဗိုလ်ချုပ်ကြီးဘာရက်တီယာရီက သိရှိသည်။ မိမိတပ်အတွက် ရိက္ခာအခြေအနေကိုလည်း သိထားသည်။ သို့သော် အီတလီအစိုးရက ရှေ့ဆက်ရန်မလျှော့တမ်း တိုက်တွန်းနေသည်။

ဖေဖော်ဝါရီ ၂၉ရက် မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးဘာရက်တီယာရီက လက်အောက်မှ ဗိုလ်မှူးချုပ်များ ဖြစ်ကြသည့် အယ်ဘတ်ဝုန်း၊ အရီမွန်ဒီ၊ ဒါဇက်မီဒါ၊ အယ်လင်နာတို့ကိုခေါ်ပြီး ရှေ့ဆက်ရမည့်ခရီးအတွက် တိုင်ပင်သည်။ တပ်အတွက် ရိက္ခာများမှာ ငါးရက်စာပင် မရှိတော့ကြောင်းလည်း ဖွင့်ဟဆွေးနွေးသည်။ ဖြစ်နိုင်လျှင် အက်စ်မာရာအထိ ဆုတ်ခွာသင့်ကြောင်း အကြံပြုဆွေးနွေးသည်။ သို့သော် သူ့လက်အောက် တပ်မှူးတို့က ရန်သူချေမှုန်းရေးကိုသာ အားမာန်ပါပါ သူ့ကိုတိုက်တွန်းနေသည်။ အီတလီစစ်တပ်အနေဖြင့် စိတ်ဓာတ်ကျနေသည့်အတွက် ဆုတ်ခွာလျှင် စိတ်ဓာတ်ပျက်ပြားသွားနိုင်ကြောင်း စောဒကတက်ကြသည်။

စတင်ချီတက်

ဗိုလ်ချုပ်ကြီးဘာရက်တီယာရီက နောက်ဆုံးထောက်လှမ်းရေးသတင်းများ ရယူရန်လိုသည်ဟုပြောကာ နာရီအနည်းငယ်ကြာမှ ဆုံးဖြတ်မည်ဟု အချိန်ဆွဲလိုက်သည်။ သို့သော် နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီးဘာရက်တီယာရီက နောက်တစ်နေ့ နံနက် ၉နာရီတွင် တိုက်ပွဲစတင်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ သန်းခေါင်ကျော်ပြီးစတွင် အီတလီတပ်များ စတင်ချီတက်သည်။

တာဝန်ပေး

စစ်ချီအီတလီတပ်တွင် စစ်သည်အင်အား ၁၇၇၀၀ပါသည့် တပ်မဟာလေးခုနှင့် အမြောက် ၅၆လက်ပါရှိသည်။ သို့သော် နောက်တန်းဆက်သွယ်ရေးနှင့် ထောက်ပံ့ရေးအတွက် အချို့ကိုတာဝန်ပေးရသည့်အတွက် တကယ်တမ်းတိုက်ခိုက်ရေးတပ်ဖွဲ့စစ်အင်အားမှာ ၁၄၅၀၀ခန့်သာရှိသည်။ ဗိုလ်မှူးချုပ်အယ်ဘတ်ဝုန်း၏ တပ်မဟာမှာ အီတလီအရာရှိများက ကွပ်ကဲသည့် အီရီထရီးယား လုံခြုံရေးအစောင့်တပ်သားများဖြင့် ဖွဲ့စည်းထားသည့် တပ်ဖွဲ့ဖြစ်သည်။

ကြုံရပြန်

အီတလီတပ်များတွင် မြေပုံအလုံအလောက်မရှိ၊ အမြောက်များက ပုံစံဟောင်း၊ ဆက်သွယ်ရေးကိရိယာများ ညံ့ဖျင်းပြီး တပ်ဖွဲ့ဝင်များမှာ အိမ်လွမ်းသူလွမ်း၊ ရဲဘော်ရဲဘက်စိတ်ထားရှိရန် အလေ့အကျင့်မရှိသေးသည့် တပ်သားသစ်များလည်းပါဝင်သည့်အပြင် တောတောင်ထူသည့် ခရီးကြမ်းအတွက် လားနှင့်ကုန်းနှီးများက မပြည့်မစုံကြုံရပြန်သေးသည်။

အီသီယိုးပီးယားဧကရာဇ် မီနီလစ်၏တပ်များမှာ အင်အားအနည်းဆုံး ၈၀၀၀၀မှသည် အများဆုံး ၁၅၀၀၀၀ အထိရှိသည်။ အင်အားအရေအတွက်အားဖြင့် အီတလီတပ်အင်အား

စစ်နိုင် အီသီယိုးပီးယားဧကရာဇ်

ထက် ငါးဆ၊ ခြောက်ဆပိုသည်။ ထို့ပြင် အီသီယိုးပီးယားတပ်ဖွဲ့ဝင်များကို ရိက္ခာဖြည့်တင်းပေးသည့် လယ်သမားအရေအတွက်ကလည်း တပ်ဖွဲ့ဝင် အင်အားကဲ့သို့ အားကောင်းသည်။ အီသီယိုးပီးယားတပ်ဖွဲ့ဝင်အများစုမှာ ဘုရင့်အရန်တပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် သေနတ်ကိုင်စစ်သည်များဖြစ်သည်။ ထို့ပြင် လှံကိုင်သည့် ခြေလျင်တပ်သားများ၊ မြင်းတပ်သားများလည်း အီသီယိုးပီးယားတပ်တွင်ပါရှိသည်။

ဖေဖော်ဝါရီ ၂၉ရက် ညနှင့် မတ် ၁ရက် နံနက်စောစောတွင် အီတလီတပ်မဟာသုံးခုသည် အက်ဒဝါသို့ ဦးတည်ကာ တောင်ကြားလမ်းများကို ဖြတ်ကျော်လျက် ရှေ့သို့ မျဉ်းပြိုင်ချီတက်ကြသည်။ စတုတ္ထတပ်မဟာက စခန်းချထားဆဲဖြစ်သည်။ ဘယ်တောင်ပံစစ်ကြောင်းက ရှေ့ပြေးဦးဆောင်ချီတက်ပြီး ကီဒိန်းမဲရက်တောင်ထိပ်တွင် နေရာယူကာ ရန်သူ့တပ်ကို အပေါ်စီးရင်ဆိုင်တိုက်ခိုက်ရန်ဖြစ်သည်။

ထို့ပြင် ကိုလိုနီနယ်ချဲ့ အီတလီစစ်တပ်နှင့် အီသီယိုးပီးယားခုခံရေးတပ်များ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ပစ်ကြ၊ ခတ်ကြ၊ ထိုးကြ၊ ခုတ်ကြနှင့် အက်ဒဝါတိုက်ပွဲမှာ ငရဲအိုးပွက်သည့်ပမာ ပြင်းထန်ခဲ့သည်။

အီတလီစစ်တပ်မှာ အီရီထရီးယားအထိ ပြန်ဆုတ်ပေးလိုက်ရသည်။ အီတလီတပ်ဖွဲ့ဝင် ၇၀၀၀သေဆုံးပြီး ၁၅၀၀ ဒဏ်ရာရကုန်သည်။ ထို့ပြင်မှ ၃၀၀၀ခန့် စစ်သုံ့ပန်းဘဝရောက်ရှိသွားသည်။ အီသီယိုးပီးယားတပ်မှ တပ်သား ၄၀၀၀နှင့် ၅၀၀၀အကြားသေဆုံးပြီး ၈၀၀ခန့် ဒဏ်ရာရသည်။

အီတလီနိုင်ငံသို့စစ်ရှုံးသတင်းရောက်သွားသောအခါ ဗိုလ်ချုပ်ကြီးကာရက်တီယာရီ အရာချခံရပြီး ခွင့်မလွှတ်နိုင်သော တိုက်ခိုက်ရေးအစီအစဉ်၊ စစ်မြေပြင်၌ တပ်ဖွဲ့ဝင်များအား စွန့်ပစ်မှုတို့ဖြင့် စွဲချက်တင်ခံရသည်။ မြို့ကြီး၊ မြို့ငယ်တို့တွင် ကန့်ကွက်ပွဲများ ကြုံတွေ့ရသည်။

အီသီယိုးပီးယားနိုင်ငံသည် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အီတလီနိုင်ငံက အသိအမှတ်ပြုလိုက်ရပါတော့သည်။ ။

ကိုးကား-အင်တာနက်

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ စုစည်းရေးသားသည်

မီးရှူးမီးပန်းကြောင့် တရုတ်နိုင်ငံတွင် လေးဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း အန်ဟွီပြည်နယ်တွင် ဇန်နဝါရီ ၁၀ ရက်က မီးရှူးမီးပန်းများပစ်လွှတ်ရာမှ နို့စို့ကလေးငယ်တစ်ဦးအပါအဝင် လေးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားသည်။

ဆွစ်လေယာဉ်အင်ဂျင်ထဲ ငှက်ဝင်၍ အရေးပေါ်ဆင်းခဲ့ရ

ဆွစ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ရုရှားနိုင်ငံမြောက်ပိုင်း စိန့်ပီတာစဘတ်မြို့မှ ပျံတက်ပြီးမကြာမီ အင်ဂျင်တစ်ခုထဲသို့ ငှက်တစ်ကောင် ဝင်ရောက်လာသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်ဟု အင်တာဖက်သတင်းဌာနက ဖော်ပြသည်။

ယီမင်သင်္ဘော ပြန်ပေးဆွဲခံရမှုမှ ပြန်လွတ်မြောက်လာ

ဆိုမာလီတပ်ဖွဲ့သည် ဆိုမာလီပင်လယ်ဓားပြများ ရက်သတ္တသုံးပတ်ကြာ ဖမ်းဆီးထားသော ယီမင်ကုန်တင်သင်္ဘောတစ်စင်းကို ပြန်လွှတ်ပေးရန် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖရိကဘောလုံးပွဲသို့ ခေါင်းဆောင်များတက်ရောက်

အာဖရိကခေါင်းဆောင်များသည် အာဖရိကတိုက်တွင် ခမ်းနားကြီးကျယ်ပြီး လူသိအများဆုံးအားကစားဖြစ်သည့် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် အင်ဂိုလာနိုင်ငံ လူအန်ဒါမြို့သို့ ဇန်နဝါရီ ၁၀ရက်က ရောက်ရှိလာကြသည်။

တရုတ်သိပ္ပံပညာရှင်နှစ်ဦး ထူးချွန်ဆုဆွတ်ခူး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံပညာရှင်များအဖွဲ့၏ ပညာရှင်နှစ်ဦးဖြစ်သော သင်္ချာပညာရှင် ကူချောင်ကောင်းနှင့် အာကာသသိပ္ပံပညာရှင် ဆွန်ကျာတောင်တို့သည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ တီထွင်မှုဆုအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သိပ္ပံပညာရပ်ဆိုင်ရာ နှစ်ပတ်လည် ဂုဏ်ပြုဆုကို ဇန်နဝါရီ ၁၁ရက်က ဆွတ်ခူးရရှိသွားသည်။

ကူဝိတ်၌ အဆောက်အအုံမီးလောင်၊ လေးဦးသေဆုံး

ကူဝိတ်နိုင်ငံ အယ်ဂျာရားတွင် အဆောက်အအုံတစ်လုံး မီးလောင်သဖြင့် အာရပ်မိသားစုတစ်စုမှ လေးဦးသေဆုံးသွားရကြောင်း ကူဝိတ်အစိုးရပိုင် ကူနာသတင်းဌာနက ဖော်ပြသည်။

ယာဉ် ၁၁စီး အစုအပြုံလိုက်တိုက်၊ ခုနစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ် အဝေးပြေးလမ်းမတစ်ခု၌ မော်တော်ယာဉ် ၁၁စီး အစုလိုက်အပြုံလိုက် ယာဉ်တိုက်မှုဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်းသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ မော်တော်ယာဉ်အာဏာပိုင်များက ဇန်နဝါရီ ၁၁ရက်တွင် ပြောကြားသည်။ (အောက်ပုံ)

ဆော်ဒီတွင် မူးယစ်ဆေးဝါးမှောင်ခိုမှုနှိမ်နင်း

ဆော်ဒီအာရေဗျနိုင်ငံသည် မိမိနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများ ခိုးသွင်းရန် ကြိုးပမ်းခဲ့သူ ဆော်ဒီနိုင်ငံသားသုံးဦးအပါအဝင် ခြောက်ဦးကို ဇန်နဝါရီ ၁၀ ရက်က ဖမ်းဆီးကာ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၈ သန်းဖိုးရှိ မူးယစ်ဆေးပြား ရှစ်သန်းကျော်ကို သိမ်းဆည်းလိုက်နိုင်ကြောင်း ဆော်ဒီအာရေဗျပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ရက်တွင် သတင်းထုတ်ပြန်ကြောင်း ဆော်ဒီသတင်းအေဂျင်စီ(အက်စ်ပီအေ)က ဖော်ပြသည်။

အီရန်-ဆီးရီးယားပူးတွဲဘဏ် ထူထောင်မည်

အီရန်-ဆီးရီးယားပူးတွဲဘဏ်ကို အမြန်ဆုံးထူထောင်သွားနိုင်တော့မည်ဟု မျှော်လင့်ကြောင်း အီရန်ဒုတိယသမ္မတ မိုဟာမက်ရီဇာရာဟီမီက ဇန်နဝါရီ ၁၀ရက်တွင် ပြောကြားသည်။ မိမိသည် ဆီးရီးယားနိုင်ငံသို့သွားရောက်သည့်အခါ ယင်းပူးတွဲဘဏ်ထူထောင်ရေးကိစ္စကို အပြီးသတ်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်းလည်း အီရန်ဒုတိယသမ္မတက ဆက်လက်ပြောကြားသည်။

အမျိုးသမီးနှင့်ကလေးဆိုင်ရာပြတိုက်ဖွင့်လှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အမျိုးသမီးနှင့်ကလေးများသက်ဆိုင်သည့် လူမှုအပြောင်းအလဲဆိုင်ရာ ပထမဦးဆုံးအမျိုးသားပြတိုက်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးနှင့်ကလေးများဆိုင်ရာပြတိုက်ကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ဇန်နဝါရီ ၁၀ရက်၌ ဖွင့်လှစ်လိုက်သည်။

ရုရှားစစ်သွေးကြွခေါင်းဆောင်တစ်ဦးအားရဲတပ်ဖွဲ့ ချေမှုန်း

ရုရှားရဲတပ်ဖွဲ့သည် မြောက်ကော်ကေးရှ ဒါဂျက်စတန်သမ္မတနိုင်ငံတွင် ဇန်နဝါရီ ၁၀ရက်က စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ရာ၌ စစ်သွေးကြွခေါင်းဆောင်တစ်ဦးဖြစ်သူ မဒရစ်ဘီဂေါ့အားချေမှုန်းလိုက်နိုင်ကြောင်း ရုရှားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

သုတအက်ဆေး

ပညာရှိခြင်း-အကျိုး/ပညာမဲ့ခြင်း-အပြစ်

အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှကျော်

လူတစ်ဦး၏ အရည်အသွေးကိုလည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကိုလည်းကောင်း ဆုံးဖြတ်သတ်မှတ်ရာ၌ ပညာသည် အဓိကဖြစ်ပေသည်။ လူတစ်ဦး၏ အရည်အသွေးကို ပညာစွမ်းဖြင့်သာ ဆုံးဖြတ်နိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို ဆုံးဖြတ်ရာ၌ ထိုနိုင်ငံရှိ အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ ပညာရည်ပြည့်ဝမှုပေါ်တွင် အဓိကတည်ပါသည်။ အတတ်ပညာ၊ အသိပညာရှင် နည်းပါးသော တိုင်းပြည်သည် ဆုတ်ယုတ်ကာ အောက်တန်းကျလေသည်။ ပညာတတ်၊ ပညာရှင်များနှင့် တည်ဆောက်ထားသော နိုင်ငံသည်သာ အစဉ်ထာဝရတိုးတက်လျက် ထင်ပေါ်ကျော်စောသည်။

ကြည်ညိုလေးစား

ပညာရှိသူသည် လိမ္မာပါးနပ်ပြီး အသိဉာဏ်ကြွယ်၏။ ပညာရှိသည် သွားလေရာ ရောက်ရာနေရာတိုင်း၌ သူ့အားကြည်ညိုလေးစားကြ၏။ လူတကာက နေရာပေးကြ၏။ ပညာဂုဏ်ကြောင့် လူ့ဘောင်အလယ် တင့်တယ်ရ၏။ ပညာမဲ့သောသူကား အကန်းနှင့်တူ၏။ အသိလိမ္မာ၊ ဂုဏ်ပညာမဲ့သူဖြစ်၍ လူရာမဝင်၊ လူတောမတိုးဘဲ မျက်နှာငယ်ရသူဖြစ်၏။ ပညာရှိသည် အမှုကိစ္စကြီးငယ်မဟူ ကိုယ်ပိုင်ဉာဏ်ပညာဖြင့် တိတိကျကျ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းရှိ၏။ ထို့ပြင် ပညာရှိသူသည် ပရိသတ်အလယ်တွင် ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသူဖြစ်သောကြောင့် လူအများ၏ ကြည်ညိုလေးစားခြင်း၊ ချီးမွမ်းခြင်းကို ခံရ၏။ ပညာမဲ့သူသည် ပညာစွမ်းရည်မရှိသောကြောင့် ဖျိုင်းတို့အလယ် ကျီးရောက်နေသကဲ့သို့ မတင့်တယ်ချေ။

*ပညာရှိသူသည် လိမ္မာ၍ ပညာမဲ့သူသည် မိုက်၏။ ထို့ကြောင့် ဥစ္စဖြာမင်္ဂလာတွင် **"လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ်နည်းယူလေ"** ဟု ပြဆိုထားပါသည်။ ပညာရှိ လူလိမ္မာကို ဆည်းကပ်၍ ပညာမဲ့လူမိုက်ကို ရှောင်ဖယ်ကြရန်ဖြစ်၏။*

ပွဲလယ်တင့်

*လူ့ဘဝတွင် ပညာပြည့်ဝမှ နှလုံးလှပေမည်။ တစ်နည်းဆိုရသော် ပညာပြည့်ဝမှသာလျှင် လူ့ဘဝအတွက် အရည်အချင်း ပြည့်စုံပေမည်။ **"ပညာရှိမှ လူရာဝင်မည်"** ဟူသော စကားသည်လည်း ပညာရှိပါမှ ပွဲလယ်တင့်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ပညာဟုဆိုရာ၌ လက်မှုပညာ၊ စက်မှုပညာ၊ အတတ်ပညာများပါ ပါဝင်ပေသည်။ လူ့လောကတွင် ကောင်းမွန်တင့်တယ်စွာ နေထိုင်နိုင်ရန်အတွက် **"အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါ"** ဆိုသည့်အတိုင်း ငယ်စဉ်အခါ ပညာရှာပြီး အသက်မွေးမှုပညာ ကိုယ်စီပါအောင် ကြိုးစားရပေမည်။*

*ထို့ပြင်တစ်ဝ ပညာသည် မိမိကိုယ်ပိုင်ဥစ္စာဖြစ်၍ မည်သည့်ရန်သူမျိုးငါးပါးကမှ ခိုးယူ၍ မရနိုင်ပေ။ ပညာဟူသည် နှိုက်ယူသုံးစွဲ၍ မကုန်နိုင်အောင်များပြားသည့် ရွှေအိုးဖြစ်ပါသည်။ ပညာရွှေအိုးကို ပိုင်ဆိုင်သူသည် ဤလောကအလယ်၌ တင့်တယ်၍ ကျော်စော ထင်ရှား၏။ လူအများ၏ ကြည်ညိုလေးစားခြင်းကို ခံရ၏။ **"ပညာရှိရင့် ပွဲလယ်တင့်"** ခြင်းပင် ဖြစ်ပါသည်။*

ပညာရွှေအိုးကြီး

*ထို့ကြောင့် ထိုပညာရွှေအိုးကြီးကို လက်ဝယ်ပိုင်ဆိုင်ရနိုင်စေရန် ပထမအရွယ် ပညာသင်ချိန်၌ ပညာကိုကြိုးစား သင်ကြားရပေမည်။ လူ့လောက၌ **"ပညာမရှိ သူ၏ဝန်ထမ်း"** ဆိုသကဲ့သို့ အောက်တန်းကျကာ ဂုဏ်ငယ်ရပေသည်။ **"ပညာမဲ့သူကို လူ့ဗာလတမျှ နွားအသွင်"** ဟု ဆိုရိုးရှိသည့်အတိုင်း ပညာမဲ့သူသည် လူမိုက်ဖြစ်၍ နွားနှင့်လည်း တူ၏ဟု ဆိုခြင်းဖြစ်သည်။*

မိုးနှင့်မြေကြီးပမာ

ပညာရှိနှင့် ပညာမဲ့တို့၏ ဘဝအခြေအနေမှာ မိုးနှင့်မြေကြီးပမာ အလွန်ကွာခြားလှပေ၏။ ထို့ကြောင့် စာသင်ပျိုနုအခြေပြုရမည့်သူများသည် ပညာ၏ တန်ဖိုး၊ ပညာ၏ တန်ခိုး၊ ပညာ၏ ဂုဏ်ဒြပ်တို့ကို သိရှိကြပြီး ပညာကို ငယ်စဉ်ကပင် အပတ်တကုတ် အားထုတ်သင်ကြားပါက လူ့လောကအလယ်တွင် တင့်တင့်တယ်တယ် ထည်ဝါစွာ နေထိုင်နိုင်ပေမည်။ ပညာမကြိုးစားသော် လူ့ဘောင်အတွင်းမှ ပယ်ရှားခံရပြီး လောကကြီး၏ အပယ်ခံဘဝသို့ရောက်ကာ ဒုက္ခလှလှကြီး တွေ့ရပေမည်။

ပညာပြည့်ဝနှလုံးလှရန်

ထို့ကြောင့် ပညာပြည့်ဝနှလုံးလှစေရန် ပညာ၏အကျိုးကို သိရှိရန်လိုအပ်ပါသည်။ ပညာမဲ့ခြင်း၏ အပြစ်ကား များလှပေ၏။ ပညာမဲ့ခြင်းကြောင့် လူရာမဝင်၊ လူ့တန်ဖိုးမဲ့ရလေ၏။ အသိဉာဏ်နည်းခြင်း၊ ဆင်ခြင်တုံတရား မရှိခြင်းတို့ကြောင့် အမှား အမှန်၊ အကောင်း အဆိုးကို မခွဲခြား မဝေဖန်နိုင်ပေ။

ပညာမျက်စိမမြင်သို့၍ အသိတရားလည်း မရှိပေ။ ဘဝတွင် အခက်အခဲ အနှောင့်အယှက်များဖြင့် ရင်ဆိုင်ရသောအခါ ဘဝကို အရှုံးပေးရလေသည်။ ပညာဗဟုသုတလည်းမရှိ၊ ကိုယ်ပိုင်ဉာဏ်လည်းမရှိ၍ မိမိရင်ဆိုင်ရမည့် ဘဝတိုက်ပွဲအတွက် အခက်အခဲများ တွေ့ရလေ၏။ ဆိုးကောင်းနှစ်တန် ဝေဖန်ရန် အသိမရှိပေ။ လုပ်လေသမျှ အကြောင်းကြောင်းနှင့် အရာရာဆိုသကဲ့သို့ ပျက်စီးခြင်းသာ ကြုံတွေ့ရပေသည်။ လူ့လောကအလယ်တွင် မျက်နှာငယ်ရလေသည်။ လောကအလယ် နေရာတိုင်းတွင် မတင့်တယ်ပေ။

ပညာတန်ဖိုး

ပညာရှိ၏ အကျိုးကား ပြောမဆုံး၊ ရေးမကုန်နိုင်ပင် များပြားလှ၏။ လူ့ဘဝတွင် ပညာ၏တန်ခိုးကြောင့် နေရာတကာ သွားလေရာ၊ ရောက်လေရာတွင် မျက်နှာပွင့်၏။ အခွင့်အရေးရ၏။ ရိုသေလေးစားခြင်းခံရ၏။ ပူဇော်ခံရ၏။ ပညာအရောင်ထွန်းပြောင်ခြင်းကြောင့် များလှစွာသော လူ့အပေါင်းတို့က အံ့သြကြ၏။ ပညာရဲရင့် (ပညာရှိခြင်းကြောင့်) ပွဲလယ်တင့်ခြင်းပင်တည်း။ သုံးစွဲ၍ မကုန်နိုင်သော၊ ခိုးယူ၍ မရသော ပညာရွှေအိုးကြီးသည်ကား မည်သည့်အခါမျှ ပညာရှိသူထံမှ မခွဲခွာနိုင်ပေ။ ပညာရှိခြင်းကြောင့် နှလုံးလှ၏။ စိတ်နှလုံးလှသူအဖို့ မည်သည့်ကိစ္စကြီးငယ်မဆို ပညာတည်းဟူသောဆောက်ဖြင့် ပုံစံအမျိုးမျိုး ထွင်းဖောက်နိုင်လေ၏။ ဤကား ပညာရှိခြင်း၏ အကျိုးတရားပင်ဖြစ်၏။

ပညာမဲ့သူသည် လူ့လောက၌ အချိန်တန် အရွယ်ရောက်၍ အိမ်ထောင်ကျပြန်သော် "ပညာမရ၊ အိမ်ထောင်ကျ၊ ဒုက္ခရောက်မည်မှတ်" ဆိုသည်နှင့်အညီ ဒုက္ခရောက်ရလေသည်။ ထို့အပြင် စီးပွားရှာရာ၌ ပညာမဲ့ခြင်းသည် အကျိုးယုတ်ဖွယ်ရှိပေသည်။ တတိယအရွယ် တရားရှာရန်လည်း ပညာမဲ့၊ ပညာမတတ်၍ တရားအကြောင်း မလေ့လာနိုင်ပေ။ ပညာမျက်စိကန်း၍ မည်သည့်အရာမျှ မမြင်နိုင်။ ပညာမဲ့သူကို အကျိုးဟု တင်စားကြလေသည်။

အချုပ်ဆိုရသော် ပညာမဲ့ခြင်းကြောင့် ဖြစ်ရသော၊ တွေ့ကြုံရသော ဘဝများအား ရင်နာဖွယ်၊ စိတ်ရှုပ်ဖွယ်ရာ ဖြစ်ရလေသည်။ ပညာမဲ့ခြင်း အပြစ်များက မိုးကြယ်တမျှ များလှပေသည်။ ထို့ကြောင့် ပညာရှိခြင်း၏ အကျိုးများကို သဘောပေါက်နားလည်ကာ ပညာရှိအောင်၊ ပညာတတ်အောင် ကြိုးစားအားထုတ် နှလုံးသွင်းကြရန် လိုအပ်လှပါကြောင်း။ ။

(မြန်မာ့အလင်း)

ဝန်ကြီး ဦးဉာဏ်ဝင်း စီးပွားရေးထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

အာဆီယံ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်အရ အရှေ့မြောက်ဒေသ အခွင့်အလမ်းအပေါ် အဓိကထား ဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့၌ ဇန်နဝါရီ ၈ရက်မှ ၉ရက်အထိ ကျင်းပသည့် (၅)ကြိမ်မြောက် အရှေ့မြောက်ဒေသ စီးပွားရေးထိပ်သီးအစည်းအဝေးတက်ရောက်ပြီး ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းဖြင့် ပြန်လည်ရောက်ရှိသည်။

အဓိကထားဆွေးနွေး

အိန္ဒိယအရှေ့မြောက်ဒေသ၏ စိုက်ပျိုးရေး အခြေခံ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးနှင့် အာဆီယံ-အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ အရှေ့မြောက်ဒေသအတွက် ရရှိလာမည့် အခွင့်အလမ်းများအပေါ် ထိပ်သီးအစည်းအဝေး၌ အဓိကထား ဆွေးနွေးခဲ့ကြသည်။

လက်ခံတွေ့ဆုံ

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး**(အပေါ်ပုံ)**သည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများကို ဇန်နဝါရီ ၈ရက် ညနေပိုင်းတွင် ပါဝင်ဆွေးနွေးပြောကြားသည်။ ဝန်ကြီးသည် ယင်းနေ့ ညနေပိုင်းတွင် မီဇိုရမ်ပြည်နယ် စက်မှုဝန်ကြီး Mr. S Haito အား လက်ခံတွေ့ဆုံခဲ့ပြီး မီဇိုရမ်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား စီးပွားရေး အခွင့်အလမ်းနှင့် အလားအလာများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဖတ်ကြားတင်သွင်း

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် တမူး-ကလေး နယ်စပ်ကုန်သွယ်ရေးအသင်းဥက္ကဋ္ဌ ဦးလှမောင်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း လုပ်ငန်းရှင် ဦးအေးကျော်တို့လည်း အစည်းအဝေးသို့လိုက်ပါတက်ရောက်ပြီး ဇန်နဝါရီ ၉ရက်က စာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်၊ ညွှန်ကြားရေးမှူး ဦးကျော်စွာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းနှင့် လုပ်ငန်းရှင်များ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း ကလေးမြို့တွင်းရှိ ပျက်စီးနေသည့် ကတ္တရာလမ်းပေါက်များကို အဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဖာထေးပြုပြင် ဆောင်ရွက်လျက်ရှိရာ မြို့တွင်း အဓိကလမ်းတစ်လမ်းဖြစ်သည့် ပင်လုံရပ်ကွက် ပင်လုံလမ်းမတော်၌ ကတ္တရာလမ်းပေါက်များကို ကတ္တရာဖြင့် ဖာထေးပြုပြင် ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)များဖြစ်ကြသည့် ဒေါ်နွယ်နွယ်စိုး၊ ဦးမျိုးမြင့်နှင့် ဦးမျိုးမင်းစိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ စိမ်းစိုလန်းဆန်း အုံ့မခန်း ရတနာတန်းဝင် ကျွန်းသစ်ပင်
၈:၁၅ ၇။ နှောင်းခေတ် တေးပဒေသာ
၈:၂၅ ၈။ **အသက်ကလေးရယ်တဲ့ ရှည်စေလို**
၈:၄၀ ၉။ International News
၈:၅၀ ၁၀။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၂၀ ၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
၄:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၀၀ ၆။ တေးဂီတအစီအစဉ်
၅:၁၀ ၇။ ဝါသီးက ရွှေသီးဖြစ်ပြီ
၅:၄၀ ၈။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၃၅ ၁၂။ ဆိုလိုက်ကြစို့
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်**(အပိုင်း-၂၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၆)
၁၈။ အစီအစဉ်ပြီး၏။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု စံပြကတ္တရာလမ်းသစ် ရွှေကူမြို့၌ဖွင့်လှစ်

ရွှေကူ ဇန်နဝါရီ ၁၁

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၂၀၀၉-၂၀၁၀) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၄)ရပ်ကွက် စံပြကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက စံပြကတ္တရာလမ်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖ ဦးအောင်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ စံပြကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** အထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိ ဦးခင်အောင်နီက မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အမှတ်(၄) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကွီထံသို့လည်းကောင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းကျော်ကျော်က အမှုဆောင်အရာရှိ ဦးခင်အောင်နီထံသို့လည်းကောင်း ပေးအပ်သည်။ ယင်းလမ်းသစ်သည် အကျယ် ၁၂ပေ၊ လမ်းအရှည် ပေ ၂၁၅၀ရှိပြီး ကျပ်သိန်း၂၂၀၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

❒ ကျော့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပုသိမ် (ဘဲဂရက်)-အိမ်မဲလမ်းပိုင်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ပန်းတနော်-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ)ရထားလမ်းဖောက်လုပ်ရေးအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်း၊ မြေတိုင်းတာခြင်းနှင့် မြေကြီးတာပေါင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုမ္ပဏီများကိုလမ်းအပိုင်းလိုက်တာဝန်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ကတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပုသိမ်(ဘဲဂရက်)-အိမ်မဲအပိုင်းဖြစ်သည့် ဆင်ခေါင်းကျေးရွာအနီးရှိ ရထားလမ်းကို စက်ယန္တရားကြီးများဖြင့် မြေသားတာပေါင်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒေသခံပြည်သူများကြိုဆို

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဟင်္သာတမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟင်္သာတဘူတာမှ ရထားဖြင့်ထွက်ခွာလာပြီး ဟင်္သာတမြို့ တာကလေးရပ်ကွက် အနီးရှိ ရထားလမ်းဆုံသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

လမ်းအူကြောင်းစစ်ဆေး

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် ဟင်္သာတ-ညောင်တုန်း(ဧရာဝတီမြစ်ကူး) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း (ဧရာဝတီမြစ်ကူး) လမ်းပိုင်း လမ်းအူကြောင်းကို ကြည့်ရှုစစ်ဆေးရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝဖြစ်ထွန်းရေးကို အထောက်အကူပြုမည့် အခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးကို ပြည်နယ်နှင့် တိုင်းအားလုံးလွယ်ကူစွာ သွားလာနိုင်သည်အထိ ကွန်ရက်သဖွယ်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း-ရန်ကုန် ရထားလမ်းပြီးစီးသွားပါက ဟင်္သာတမြို့သည် ရန်ကုန်နှင့် ပုသိမ်မြို့များသို့ ရထားဖြင့်အလွယ်တကူ သွားလာနိုင်ကြသည်သာမက ကုန်စည်စီးဆင်းမှုတွင်လည်း ပိုမိုအကျိုးဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေခံကောင်းများကိုအသုံးပြု၍ မိမိတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး တစ်ဆက်တည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ဟင်္သာတဘူတာသို့ ရောက်ရှိကြသည်။

ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ညောင်တုန်းမြို့နယ် ကျီးကန်းသိုက်ကျေးရွာအနီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော ဧရာဝတီတံတား (ညောင်တုန်း)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ရေလယ်တိုင်အမှတ် RP(19)အား RCD ဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းရှင်းလင်းဆောင်အနီး ရှုရပ်မှ ဧရာဝတီတံတား(ညောင်တုန်း)တံတားအူကြောင်းနှင့် မြစ်ကြောင်းစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယခုတည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)သည် ဗိုလ်မြတ်ထွန်းတံတား၏ အထက်ပေ ၈၀၀၀ အကွာတွင်တည်ရှိပြီး သံကူကွန်ကရစ် သံမဏိသံပေါင်အမျိုးအစား၊ ပင်မတံတား အရှည် ၂၂၅၆ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၁၇ မီတာဖြစ်သည်။ အဆိုပါတံတားကို ရန်ကုန်-ပုသိမ် ရထားလမ်းစီမံကိန်းတွင် ဧရာဝတီမြစ်ကိုဖြတ်၍ ရထားလမ်းအပါအဝင် ကားလမ်းပါသွားလာနိုင်ရေးရည်ရွယ်၍ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပုသိမ် (ဘဲဂရက်)-အိမ်မဲအပိုင်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားတာပေါင်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟင်္သာတမြို့ တာကလေးရပ်ကွက်အနီးရှိ ရထားလမ်းဆုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ခရိုင်ရုံးနှင့် ညောင်ပင်သာကျေးရွာ ပညာအလင်းတန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီတို့ ဦးစီးကျင်းပသော စာပေဟောပြောပွဲကို ဒီဇင်ဘာ ၃၁ရက် ညပိုင်းက ပညာအလင်းတန်းစာကြည့်တိုက်တွင် ကျင်းပ သည်။

ဟောပြော

စာပေဟောပြောပွဲ အခမ်းအနားတွင် သန်းထွန်း(ပြန်/ဆက်)က စိတ်ကောင်းရှိဖို့ ပထမခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာညွန့်ဟံ(ကြူတော)က စာပေစကားတစ်ဆင့်ကြားခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မောင်ဆန္ဒ (လယ်ဝေး)က ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေး ဘော်လီဘော ပြိုင်ပွဲအတွက် ဘင်္ဂလားဒေ့ရှ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၁

ဇန်နဝါရီ ၁၂ရက်မှ ၁၈ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ကျင်းပမည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေးအမျိုးသား ဘော်လီဘောပြိုင်ပွဲအတွက် (Myanmar-Bangladesh Good will Valleyball Matches) အတွက် မန်နေဂျာ Mr.Md.Fazia Rabbi လိုက်ပါဆောင်ရွက်သော ဘင်္ဂလားဒေ့ရှ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းသည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဘင်္ဂလားဒေ့ရှ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းတွင် Chief Trainer တစ်ဦး၊ Assistant Trainer တစ်ဦး၊ Trainer တစ်ဦး၊ Official တစ်ဦးတို့ အပါအဝင် အားကစားသမား ၁၂ဦး စုစုပေါင်း ၁၇ဦးတို့ လိုက်ပါလာကြသည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းသည် ဇန်နဝါရီ ၂၀ရက်မှ စတင်ကျင်းပမည့် တောင်အာရှ ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့ လက်ရွေးစင် ဘော်လီဘောအသင်းနှင့် လက်ရည်စမ်းပွဲများအဖြစ် လာရောက်ယှဉ်ပြိုင် ကစားခြင်းဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုအားပေးနိုင်

ဇန်နဝါရီ ၁၂ရက် ညနေ ၃ နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းနှင့် ပထမလက်ရည်စမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဘော်လီဘောအားကစားဝါသနာရှင်များ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘော်လီဘော ပြိုင်ပွဲအတွက် ဘင်္ဂလားဒေ့ရှ် အမျိုးသား လက်ရွေးစင် ဘော်လီဘော အသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။
(သတင်းစဉ်)

* *ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း လမ်းဖောက်လုပ်ရေး စီမံကိန်း၏ မိုင်တိုင်အမှတ်(၅၄/၄)မှ (၆၀/၄) အထိ နိုင်ဂရု(ပ်) ကုမ္ပဏီလီမိတက်က တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် လမ်းပိုင်းသို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ နိုင်ဂရု(ပ်)

သွားမည့် အခြေအနေ၊ စက်ယန္တရားများ ရောက်ရှိမှုနှင့် ကျောက်များ စုဆောင်းရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်တည်းပြီးစီးရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် စက်အင်အား၊ လူအင်အားကို လုပ်ငန်းလိုအပ်ချက်အတိုင်း အပြည့်အဝ အသုံးပြုရန်၊ လုပ်ငန်းများကွင်းဆက်မိမိ ဆောင်ရွက်နိုင်ရေး စနစ်တကျ အစီအမံများ ပြုလုပ်သွားရန်၊ လုပ်ငန်းများ တစ်ချိန်

ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်၌ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ် ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍

တည်း၊ တစ်ပြိုင်တည်း ပြီးစီးစေရေးအတွက် လူနှင့် စက်ကိရိယာများကို နေရာများခွဲ၍လုပ်ကိုင်ရန်၊ ဖောက်လုပ်သောလမ်းများ ရေရှည်ခိုင်ခံ့မှုအတွက် နည်းပညာများနှင့်အညီ ဆောင်ရွက်နိုင်ရေး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကုမ္ပဏီများသို့ နည်းပညာရှင် တွဲဖက်ပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုသိမ်-သလပ်ခွာ-မော်တင်

ဘဒ္ဒန္တသုဇာတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် ချောင်းဝကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူက ချောင်းဝကျေးရွာနှင့် ပြင်ခရိုင်တို့တွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ၃မိုင် မြို့သစ်သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်၌ ခရိုင်အဆင့် ဌာနဆိုင်ရာ ရုံးများ၊ ကျောင်း၊ ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်၌ မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်း

မုန်တိုင်းဒဏ်ခံ အဆောက်အအုံ

လပွတ္တာမြို့နယ် ချောင်းဝကျေးရွာ၌ ရွှေသံလွင်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆားကွင်းများ

လပွတ္တာမြို့နယ် ပြင်ခရိုင်၊ သင်္ကန်းကုန်းနှင့် ဇင်ရွဲလေးကျေးရွာတို့ရှိ ဆားကွင်းများကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နယ်မြေ၏စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို မေးမြန်းရာ ကျေးရွာတာဝန်ရှိသူများက တင်ပြကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းကို ကုမ္ပဏီများနှင့် ပူးပေါင်း၍ အပိုင်းလိုက် တာဝန်ယူဖောက်လုပ်

စွန်းလမ်း လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ် မော်တင်စွန်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြတ်မော်တင်စွန်း စေတီတော် ဘက်စုံပြုပြင်ထားရှိမှုကို လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ပူဇော်ကန်တော့ကြကာ စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနသိင်္ဂီ မော်တင်ကျောင်းတိုက် ဆရာတော်

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေသံလွင်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် ၃မိုင်မြို့ ကွက်သစ်သို့ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းခရီးတစ်လျှောက် ပြင်ခရိုင်၊ သင်္ကန်းကုန်း၊ ဇင်ရွဲလေးကျေးရွာတို့၌ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်မှုအခြေအနေ၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်း လမ်းပိုင်း အခြေအနေ၊ ဆားကွင်းများ အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ၃မိုင် မြို့သစ်သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်၌ ခရိုင်အဆင့် ဌာနဆိုင်ရာ ရုံးများ၊ ကျောင်း၊ ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်၌ မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံဆောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ကွက်သစ် ဖော်ထုတ်ရာတွင် ပါဝင်လုပ်ကိုင်လျက်ရှိကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်မှုအခြေအနေ

ယင်းနောက် နယ်မြေတာဝန်ခံ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာမြို့နယ်အတွင်း ကျေးလက်အိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်၌ မြေဖော်ထုတ်မှုနှင့် မြေနေရာချထားမှု၊ ဌာနဆိုင်ရာရုံးများ ဆောက်လုပ်မှု၊ လမ်းလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ဆိပ်ခံတံတား ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လပွတ္တာမြို့နယ် ၃မိုင်မြို့သစ် ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေဝင်ရောက်မှုအခြေအနေကို ရှင်းလင်း တင်ပြကြသည်။

ဆောက်လုပ်ပြီးစီးမှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ၃မိုင်မြို့သစ်ရှိ လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဝေဟင်မှတွေ့ရ

လပွတ္တာမြို့နယ် ပြင်ခရိုင်၊ သင်္ကန်းကုန်းနှင့် ဇင်ရွဲလေးကျေးရွာတို့ရှိ ဆားကွင်းများကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၁၁

ယခင်က သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ တင်သွင်းခွင့်ရသော လုပ်ငန်းသုံးစက်ယန္တရားယာဉ်များနှင့် ဘယ်မောင်းခရီးသည်တင်ယာဉ်များ ယခုအခါ Export Earning ရှိသူ မည်သူမဆို တင်သွင်းခွင့်ရပြီဖြစ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၁၁)ကို ယနေ့ဖြန့်ချိလိုက်သည်။

UKမှ အတုအယောင်ကျောင်းများကို ဖယ်ရှားနိုင်ခဲ့သော်လည်း လိုင်စင်ရကျောင်းများအနက် တချို့ကျောင်းများ ရိုက်စားလုပ်နေဆဲဟုဆို၊ ဆင်မလိုက်ဈေးကို ဇန်နဝါရီလအတွင်း ရှစ်ထပ်အထိ ဆောက်လုပ်ပြီး အဆင့်မြင့်ဈေးအဖြစ် ပြန်လည်ပြုပြင်ဆောက်လုပ်မည်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ဆေးကောင်စီမှ အသင်းဝင်ဆရာဝန်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ကာကွယ်ပေးသွားမည်ဖြစ်၊ မြန်မာ့သဘာဝဓာတ်ငွေ့လုပ်ငန်း ရွှေလုပ်ကွက်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ ရှယ်ယာများကို တောင်ကိုရီးယား ပုဂ္ဂလိကကုမ္ပဏီများ ပိုမိုဝယ်၊ မြို့နယ် ရှစ်မြို့နယ်တွင် တန်ဖိုး ခုနစ်သိန်းနှင့် ရှစ်သိန်းကြားရှိသည့် အိမ်အလုံး ၅၀၀ကို ၂၀၁၀ နှစ်ဆန်း၌ ဆောက်လုပ်ပေးသွားမည်၊ အဲယားပုဂံ လေကြောင်းလိုင်း ထိုင်းနိုင်ငံ ဖူးခက်သို့ ပြေးဆွဲရန်ရှိ၊ စင်ကာပူနိုင်ငံရှိ ဆရာဝန်တွေကိုလည်း စည်းကမ်းတင်းကျပ်နေပြီ၊ အများပြည်သူ ဘေးအန္တရာယ်ကင်းစေရေးအတွက် ရန်ကုန်-ဒလကူးတို့ သင်္ဘောများတွင် ရေဒါများ တပ်ဆင်တော့မည်၊ အာဆီယံနိုင်ငံများအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ အဆင့်မြင့် ဝက်ဘ်ဆိုက်တစ်ခု တင်ရန်ရှိ၊ YCDC မှ စားသောက်ဆိုင်များကို သန့်ရှင်းမှု ရှိမရှိ စစ်ဆေးမှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိ၊ အသားတိုးကြက်များအား လေယာဉ်ဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသသို့ တင်ပို့မည်၊ တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဇရိယာကြောင့် တရုတ်မှ စကားပြန်များ ဝင်ငွေကောင်းလျက်ရှိ၊ ဂျပန်နိုင်ငံအစိုးရသစ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်လို၊ မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးလမ်းမကြီး ဒေါ်လာသန်း ၁၄၀အကုန်အကျခံ တည်ဆောက်လျက်ရှိ၊ ရွှေပုံရိပ်မွန်အိမ်ရာတွင် လေးထပ်ပြတင်းပေါက်မှ လူတစ်ဦးပြုတ်ကျသေဆုံး၊ ဈေးများအတွင်းရှိ အသားရောင်းချသောဈေးသည်များ တရားဝင်ရောင်းချခွင့်လိုင်စင်များ စစ်ဆေးအရေးယူတော့မည်၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှစ၍ ဒေါ်လာဈေးအနည်းငယ်ပြန်တက်၊ သရုပ်ဆောင် ထက်ထက်မိုးဦးနှင့် တွေ့ဆုံခြင်း၊ အီရန်ကို တိုက်ဖို့အဆင်သင့်ဟု အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမိုက်မူလန် သတိပေး၊ အစ္စရေးက အီရန်နှင့် ဟစ်ဇ်ဘိုလာတို့အား အဖျက်စွမ်းအားပြင်း လက်နက်ဖြင့် တုံ့ပြန်မည်၊ CIA ၏ အာဖဂန်စစ်ဆင်ရေးကို ဘယ်လိုပိုကောင်းအောင်လုပ်မလဲ စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီ ဖြစ်သည်။

(သတင်းစဉ်)

တစ်ပြည်လုံး၌ အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ဝ ဒသမ ၁၆လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော် ခရိုင်ရုံးနှင့် ကိုးရွာသပြေကုန်းကျေးရွာ ရောင်နီဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီတို့ ဦးစီးကျင်းပသော စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၉ရက် ညပိုင်းက ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ စာရေးဆရာ ကျွန်းစဉ်မြေစောခက်က ဘဝနှင့် စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်ဟန်တင့်(ပင်လည်ဘူး) က ရင်ထဲက ကဗျာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာနိုင်မျိုးသစ္စာ(နမတ္တူ) က ချစ်တတ်ကြပါစေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာသန်းထွန်း(ပြန်/ဆက်) က ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

တွံတေးမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်လှစ်ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၁

တွံတေးမြို့နယ်အတွင်းရှိ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အတွင်းရေကျော်ကျေးရွာနှင့် တွံတေးဝကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာနများအား MEGA LIFESCIENCES Co.,Ltd. က အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းပြီးစီးသဖြင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက သက်ဆိုင်ရာကျေးရွာများ၌ ကျင်းပသည်။

ရှေးဦးစွာ အတွင်းရေကျော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အအုံဥပစာ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ MEGA LIFESCIENCES Co.,Ltd. မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်၊ တွံတေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာ၊ MEGA LIFESCIENCES Co., Ltd.မှ CEO မစ္စတာဗီးဗက်ဒါဝန် (Mr. Vivek Dhawan) နှင့် မန်နေဂျင်းဒါရိုက်တာ မစ္စတာဂေးရစ်(ချ်)ဝပ်ဝါး (Mr.Girish Wadhwa) တို့က ကျေးလက်ကျန်းမာရေးဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ MEGA LIFESCIENCES Co.,Ltd.မှ CEO မစ္စတာဗီးဗက်ဒါဝန်က ဆေးပေးခန်း ဆောက်လုပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးများအား ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ပြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ထံ ပြန်လည်ဆောက်လုပ်လှူဒါန်းသည့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် ဆေးဝါးများစာရင်းကိုပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီး၌ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျေးလက်ကျန်းမာရေးဌာနအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် တွံတေးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဆေးပေးခန်းဥပစာ၌ ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တွံတေးမြို့နယ်ဥက္ကဋ္ဌနှင့် MEGA LIFESCIENCES Co.,Ltd. မှ တာဝန်ရှိသူများက ကျေးလက်ကျန်းမာရေးဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မစ္စတာဗီးဗက်ဒါဝန်က ဆေးပေးခန်းဆောက်လုပ်လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဝန်ကြီးများထံသို့လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် ဆေးဝါးများစာရင်းကို ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သော အတွင်းရေကျော်ကျေးရွာနှင့် တွံတေးဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန နှစ်ခုနှင့် ဆေးခန်းသုံးပစ္စည်းများကို MEGA LIFESCIENCES Co., Ltd. က အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ဆင်နှင့် ဆင်ဖြူတော်

ကမ္ဘာပေါ်တွင် ရှေးနှစ်သန်းပေါင်းများစွာက ဆင်အမျိုးအနွယ် ၃၅၂ မျိုးရှိခဲ့ကြောင်း၊ ၄င်းမျိုးနွယ်ထဲမှ ယခုအခါတွင် အာဖရိကဆင်မျိုးနွယ်(Loxodonta africana)နှင့် အာရှဆင်မျိုးနွယ်(Elephus maximus) ဟူ၍ နှစ်မျိုးသာ ကျန်ရှိတော့ကြောင်း၊ အာဖရိကဆင်မျိုးနွယ်၏ ပျမ်းမျှအရပ်အမြင့်မှာ ၁၀ပေ ၅လက်မခန့်၊ ကိုယ်အလေးချိန် ၆တန်မှ ၇တန်ခန့်နှင့် အစွယ်အရှည်မှာ ၁၁ပေ ၆လက်မခန့်ထိရှိကြောင်း၊ အာရှဆင်မျိုးနွယ်တွင် အရပ်အမြင့်မှာ ၇ပေ ၉လက်မခန့်၊ ကိုယ်အလေးချိန် ၃ဒသမ ၄ တန်ခန့်၊ အစွယ်အရှည်ပျမ်းမျှ ၅ပေ ၆လက်မခန့်ဖြစ်ကြောင်း သိရပါသည်။ အာဖရိကဆင်သည် နားရွက်အလွန်ကြီးပြီး ပခုံးနှင့်လည်ပင်းကိုပင် ဖုံးလွှမ်းပါသည်။ အာရှမျိုးနွယ်မှာ နားရွက်သေးငယ်ပြီး နားရွက်မှာ ညောင်ရွက်ကဲ့သို့ တြိဂံပုံပေါ်နေပါသည်။ ယခုအခါ ဆင်မျိုးနွယ်များအား တိုင်းပြည်အလိုက် အမည်ပေးကြရာ မြန်မာနိုင်ငံ၏ ဆင်များကို (Elephus maximus burmanicus) ဟု သတ်မှတ်ထားကြပါသည်။

မြန်မာ့သမိုင်းနှင့်မြန်မာ့ဆင်များ

ပထမမြန်မာနိုင်ငံကို စတင်တည်ထောင်သော ပုဂံပြည့်ရှင် အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်မှစ၍ မြန်မာ့ဆင်များသည် မြန်မာ့သမိုင်းနှင့်အတူ သမိုင်းတင် ဖော်ပြခြင်းခံခဲ့ရပါသည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ်လယ်(အေဒီ ၁၈၂၀)ခန့်အထိ နှစ်ပေါင်း ၈၀၀ကျော်ခန့်အထိ မြန်မာ့ဆင်များသည် နိုင်ငံပြုစစ်ပွဲများ၊ ပဒေသရာဇ်စစ်ပွဲများတွင် ရှေ့တန်းမှ စစ်တိုက်သည့် စစ်ဆင်များ၊ ဆင်တပ်များအဖြစ်ဖြင့် ပါဝင်ခဲ့ပြီး ရှေးမြန်မာ့တပ်မတော်အတွင်း သမိုင်းဝင် နိုင်ငံကာကွယ်ရေးတာဝန်များ ထမ်းဆောင်ခဲ့ကြပါသည်။ ပုဂံခေတ်(အေဒီ ၁၀၅၇)တွင် အနော်ရထာဘုရင် သထုံကို တိုက်ခိုက်သိမ်းယူနိုင်သောအခါ ဆင်ဖြူ ၃၂စီးဖြင့် ထေရဝါဒပိဋကတ်တော်အစုံ ၃၀ ကို တင်ဆောင်၍ ပုဂံသို့ ယူဆောင်ခြင်းပြုရာမှ အစပြု၍ မြန်မာ့ဆင်များအား သမိုင်းဝင် စတင်ဖော်ပြခြင်းခံရသည်။

ပုဂံခေတ်နှောင်းပိုင်း(အေဒီ ၁၂၇၇)တွင် ပုဂံအား မွန်ဂို၊ တာတာ စစ်သည်များ ရန်ပြုလာသောအခါ ပုဂံမှဆင်တပ်က မွန်ဂိုတာတာမြင်းတပ်ကို ဗန်းမော်မြို့အနီး ငဆောင်ချမ်းအရပ်တွင် အပြင်းအထန် တိုက်ခိုက်ခဲ့သောတိုက်ပွဲသည် သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ပါသည်။ စစ်မြေပြင်တွင် ဆင်တပ်တိုက်ပွဲဝင်သည့်အခါ ဆင်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ဆင်စီးသူရဲကောင်းများကသာ တိုက်ခိုက်ခြင်းမဟုတ်ဘဲ ဆင်များကလည်း တစ်ဖက်ရန်သူ၏ ခြေလျင်တပ်၊ မြင်းတပ်တို့ကို တိုက်ခိုက်ခြင်း ပြုကြသည်။ ဆင်၏အစွယ်(နှာမောင်း)၊ ဆင်ဦးကင်း၊ ဆင်ခြေထောက်များသည် ဆင်များ၏ ကိုယ်ပိုင်လက်နက်များ ဖြစ်ကြသည်။

ဘုရင့်နောင်သည် (အေဒီ ၁၅၆၃-၁၅၆၄)တွင်အိမ်နီးချင်း တစ်ဖက်နိုင်ငံကိုအောင်မြင်ပြီး ပြန်လာသောအခါ ဆင်ဖြူလေးစီးကို ယူဆောင်လျက် ဆင်အင်အား ၂၀၀၀ခန့် ပါရှိသော ဆင်တပ်နှင့်အတူ ဟံသာဝတီသို့ ပြန်လာခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ မြန်မာဘုရင်တို့ စစ်အင်္ဂါလေးပါးကို ခင်းကျင်းရာတွင် ဆင်၊ မြင်း၊ ရထား၊ ခြေသည်တို့ဖြင့် သတ်မှတ်၍ ခင်းကျင်းကြသည်။ မြန်မာမင်းတို့သည် ဆင်အမြောက်အမြား ပိုင်ဆိုင်မှုကို ဘုန်းတန်ခိုးကြီးခြင်း၏ အထိမ်းအမှတ်အဖြစ်ဖြင့် အလေးထားပြီး ဆင်တပ်များဖွဲ့စည်းလျက် နိုင်ငံနယ်ပယ်ချဲ့ထွင်ရေးနှင့် တိုင်းနိုင်ငံလုံခြုံရေးအတွက် အသုံးပြုခဲ့ကြသည်။ ရှေးအခါက မင်းနှင့်မင်းကခွင့်ပြုသည့် မင်းညီမင်းသား၊ မြို့စား နယ်စားတို့မှအပ ဆင်ကိုစီးပိုင်ခွင့်မရှိ၊ မိမိစီးခွင့်ရထားသော ဆင်ကိုလည်း မင်းမိန့်မရဘဲ ဆင်စွယ်မချွန်ရပေ။ ဆင်စွယ်ချွန်ခြင်းသည် တိုက်ပွဲအတွက် ပြင်ဆင်ခြင်းဖြစ်ရာ မင်းမိန့်မရှိဘဲ အစွယ်ချွန်လျှင် မင်းကိုပုန်ကန်ရန် ပြင်ဆင်သည့်သဘော ယူဆခြင်းခံရသည်။ ဆင်ဆက်ခြင်း၊ သမီးကညာဆက်ခြင်းတို့သည် ရှေးပဒေသရာဇ်မင်းတို့၏ လက်အောက်ခံမင်းများ၊ နယ်စားများနှင့် ဆက်ဆံရေးတွင် အရေးပါသော ထုံးတမ်းစဉ်လာ တစ်ခုဖြစ်ခဲ့ကြသည်။ တတိယမြန်မာနိုင်ငံကို တည်ဆောက်ကြသော ကုန်းဘောင်ခေတ် အလောင်းဘုရား (အေဒီ ၁၇၅၂-၁၇၆၀)၊ သားတော် ဆင်ဖြူရှင်မင်း (အေဒီ ၁၇၆၃-၁၇၇၆)တို့လက်ထက်တွင် ပြည်ပစစ်ပွဲများကို ဆင်နွဲခြင်းပြုကြရသဖြင့် ဆင်တပ်များသည် အထူးအရေးပါခဲ့လေသည်။ ဘိုးတော်မင်းတရား (အေဒီ ၁၇၈၁-၁၈၁၉)လက်ထက် ကုန်ဆုံးသည်အထိ ဆင်တပ်များ အရေးပါခဲ့ကြသည်။

အာရှတိုက် ဆင်မျိုးနွယ်စု မြန်မာ့ဆင်များ

မြန်မာ့ဆင်များသည် အာရှတိုက် ဆင်မျိုးနွယ်စုတွင်ပါဝင်၍ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည် လှပကြော့ရှင်းသည့် ဆင်လေးမျိုးလေးစား ပါဝင်သည်။ အရပ်အမြင့် ၇ပေ ၉လက်မခန့်ရှိ ရှေ့သို့ရှည်လျားစွာ ကော့တက်နေသော ဖြူဖွေးသောအစွယ် နှစ်ချောင်းရှိသည့် "စွယ်စုံ" ဆင်ပြောင်ကြီးများ၊ အစွယ်မရှိ ဦးကင်းနှင့် နှာမောင်းအိုးများ ထူးထူးခြားခြားကြီးမားပြီး အခြားဆင်များထက် ကြီးထွားမြင့်မား၍ လွန်စွာသန်စွမ်းသည့် "ဟိုင်း" ဆင်ကြီးများ၊ မွေးဖွားလာစဉ်ကတည်းက သန်မာထွားကျိုင်းသည့် အစွယ်တစ်ချောင်းတည်းသာပါပြီး ဆင်လောကတွင် အရှားပါးဆုံးဖြစ်သည့် "တယ်"ဆင်ကြီးများ၊ အစွယ်နှစ်ချောင်းပါသော်လည်း သန်မာထွားကျိုင်းခြင်းမရှိသဖြင့် "ဟန်"ဆင်ဟုခေါ်တွင်သောဆင်ကြီးများ ပါဝင်ကြသည်။ မြန်မာ့ဆင်များအား အသက်အရွယ်အရလည်းကောင်း၊ ရေ၊ မြေ၊ တောတောင် အခြေအနေနှင့် လုပ်ငန်းပမာဏအရလည်းကောင်း အတန်းအစား ခွဲခြားထားသည်။

ကျန်းမာသန်စွမ်းပြီး အသက်(၃၀) မှ (၄၅)နှစ်အတွင်းရှိသောဆင်သည် နှစ်တန်အထက်ရှိသော သစ်လုံးများကိုဆွဲနိုင်သည်။ ပထမတန်းဆင်ဟုခေါ်ကြောင်း သိရပါသည်။ ဒုတိယတန်းဆင်သည် အသက် (၂၅)နှစ်မှ (၃၀)နှစ်အတွင်းနှင့် အသက် (၄၅)နှစ်မှ (၅၀)အတွင်းဖြစ်ပြီး သစ်တစ်တန်မှနှစ်တန်အထိ ဆွဲနိုင်သည်။ တတိယတန်းဆင်သည် အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းနှင့် အသက်(၅၀)ကျော်ဆင်များပါဝင်ပြီး သစ်တစ်တန်အထိသာ ဆွဲနိုင်သည်။ စတုတ္ထတန်းဆင်သည် အသက်(၅၀)ကျော်ပြီး သစ်ဆွဲညံ့သောဆင်များဖြစ်သည်။ ပဥ္စမတန်းဆင်သည် အသက်ငါးနှစ်မှ (၁၈)နှစ်အတွင်း ဖြစ်ပြီး လေ့ကျင့်ဆဲဆင်များဖြစ်သည်။ ဆဋ္ဌမတန်းဆင်သည် အသက်ငါးနှစ်အောက် အမိနောက်လိုက်ဆင်ကလေးများဖြစ်သည်။ အသက် (၅၀)ကျော်ပြီး လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိတော့သည့်ဆင်များအား ဆင်နာရုံသို့ပို့၍ ပြုစုစောင့်ရှောက်ထားသည်။ မြန်မာ့ဆင်များ၏ သက်တမ်းသည် လူသားများကဲ့သို့ဖြစ်ပြီး သက်တမ်း(၁၂၀)အထိ ရှည်ကြာစွာ ရှင်သန်ခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ဆင်များသည် သဘာဝအစားအစာများကို နှစ်သက်သည်။ သန့်ရှင်း၍ စီးဆင်းနေသောရေကို နှစ်သက်သည်။ ဆင်တစ်ကောင်သည် တစ်နေ့အစားအစာပေါင် ၈၀၀ခန့် စား၍ ရေဂါလန် ၃၀ခန့်သောက်ပြီး ဆင်များ ကြိုက်နှစ်သက်သော အစားအစာများမှာ မြက်အမျိုးမျိုး၊ ဝါးအမျိုးမျိုး၊ ညောင်နှင့် နွယ်များ ၊ သစ်ပင်နှင့်သစ်ခေါက်များ၊ အုန်း၊ ထန်းနှင့် ဆန်စပါး၊ ကောက်ပဲသီးနှံများ ဖြစ်ပါသည်။

သစ်ထုတ်လုပ်ငန်းနှင့် ဆင်အသုံးဝင်ပုံ

အခွင့်အခါသင့်၍ မိုးဥတု သို့မဟုတ် ဆောင်းဥတုကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ အရှေ့ရိုးမ၊ အနောက်ရိုးမနှင့် အလယ်ရိုးမတို့သို့ ရောက်ရှိခဲ့ပါလျှင် အခြားမည်သည့်နိုင်ငံတွင်မှ မြင်တွေ့ရမည်မဟုတ်သော အံ့မခန်းဖွယ်ဖြစ်သည့် မြင်ကွင်းများကို မြင်တွေ့ရမည်ဖြစ်သည်။ စိမ်းစိုညို့မှိုင်း အုပ်ဆိုင်းနေသော တောကြီးမျက်မည်းတွင် လျှိုမြောင်၊ ချောက်ကြား၊ တောင်စောက်ကမ်းပါးများအတွင်း၌ အဖိုးတန်ကျွန်းနှင့် သစ်မာသစ်လုံးကြီးများအား ဆင်များဖြင့်ဆွဲ၍ တစ်နည်း၊ အောင်း၍တစ်နည်း၊ ထိုးချ၍ တစ်သွယ် နည်းမျိုးစုံဖြင့် သစ်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည့် မြင်ကွင်းများအား မျက်ဝါးထင်ထင် တွေ့ရှိနိုင်ပေသည်။ ဆင်အင်အားသည် သစ်ထုတ်လုပ်ငန်းတွင် မရှိမဖြစ်သော အင်အားတစ်ရပ်ဖြစ်သည်။ တောကြိုတောင်ကြား၊ မြောင်ကြိုမြောင်ကြားမှ သစ်များထုတ်ရာတွင် ဆင်အင်အားကို ရှေးယခင်ကတည်းကစ၍ ယနေ့အထိ သုံးစွဲလျက်ရှိသည်။ အထူးသဖြင့် ကျွန်းပင်သည် မိုးများပြီး မတ်သည့် တောင်ကမ်းပါးယံများ၌သာ အများဆုံး ပေါက်ရောက်ခြင်းဖြစ်ရာ ဆင်အင်အားကို အဓိကထား၍ အသုံးပြုရပါသည်။ ယခုအခါ ယာဉ်၊ စက်၊ ယန္တရားများ ထွန်းကားလာသော်လည်း လျှိုမြောင်၊ တောင်ကမ်းပါးယံတို့၌ သုံးစွဲရန်ခက်ခဲသည်ကတစ်ကြောင်း၊ နိုင်ငံခြားငွေအမြောက်အမြား ရင်းနှီးကုန်ကျရသည်ကတစ်ကြောင်း၊ စက်မောင်းဆီ၊ ချောဆီများ လိုအပ်သည်က တစ်ကြောင်း၊ အထူးသဖြင့် သဘာဝတောတောင်၊ သစ်ပင်ပန်းမန်စသည့် ဂေဟဗေဒကို ပျက်စီးစေခြင်းကြောင့် သစ်ထုတ်ရာတွင် ဆင်အင်အားကို လျစ်လျူရှု၍ မရနိုင်ကြောင်း သိရှိရပါသည်။

ခေတ်အလိုက် ဆင်ဖမ်းပုံအဆင့်ဆင့်

ရှေးကျောက်ခေတ် လူရိုင်းများအနေဖြင့် ဆင်များကို အစွယ်လိုချင်၍လည်းကောင်း၊ အသားအတွက်လည်းကောင်း၊ အသေသတ်၍ ဖမ်းဆီးသောစနစ်ကို အသုံးပြုကြသည်။ ထိုမှ ခေတ်အဆက်ဆက် မုဆိုးများသည် ဆင်များကို သေနတ်ဖြင့်လည်းကောင်း၊ လေး၊ လှံ၊ မြားများဖြင့်ပစ်၍လည်းကောင်း၊ ဆင်သွားလမ်းများတွင် ကျင်းတူး၍ ငြောင့်ထောင်ကာ အပေါ်ယံသစ်ရွက်များ ဖုံးထားခြင်းဖြင့်လည်းကောင်း၊ ဆင်သွားလမ်းများကို လျှိုမြောင်များပေါ်မှ သစ်လုံး၊ ကျောက်မောင်းများတပ်ဆင်၍ ဖြုတ်ချခြင်းဖြင့်လည်းကောင်း၊ ချောင်ပိတ်မိသောဆင်ကို ဓား၊ လှံ၊ ရဲတင်း၊ ပုဆိန်တို့ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထိုဖမ်းဆီးစနစ်မှ လူတို့၏ တိုးတက်လာသောယဉ်ကျေးမှု ထွန်းကားလာသည်နှင့်အညီ ခေတ်အဆက်ဆက် ဆင်ဖမ်းဆီးခြင်းစနစ်များ ပြောင်းလဲလာကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

(က) ဆင်ကျုံးသွင်းဖမ်းခြင်း(Kheddah Method) အား ကုန်းဘောင်ခေတ် ဆင်အင်အားဖြည့်တင်းရေးကို ကျုံးသွင်းဖမ်းဆီးခြင်းစနစ်ဖြင့် စနစ်တကျစုဖွဲ့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ကျုံးသွင်းဆောင်ရွက်ခြင်းမှာ ကုန်းဘောင်ခေတ်မှအစပြု၍ တောတွင်း ဆင်ထီး၊ ဆင်ပေါက်များကိုဖမ်းဆီးပြီး ဆင်မများဖြင့် ဖြားယောင်းခေါ်ဆောင်ပြီး စနစ်တကျ အသင့်ဆောက်လုပ်ထားသော ဆင်ကျုံးအတွင်းသို့ ကျုံးသွင်းဖမ်းဆီးခြင်း စနစ်ပင်ဖြစ်ပါသည်။ ဆင်ကျုံး၏ ကျုံးတိုင်၊ ကျုံးတံခါးများအား သစ်မျောတိုင်များ၊ လျှော်ပင်များ၊ ကြိမ်နီပင်များ၊ အုန်းဆံကြိုးများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရပါသည်။ ကျုံးဖြင့် ဆင်ဖမ်းနည်းမှာ အတွေ့အကြုံများအရ ရှေးကျသော ဆင်ဖမ်းနည်းတစ်ခုဖြစ်၍ ဆင်အသေအပျောက် များပါသည်။

(ခ) မီလာရှီကာကြိုးကွင်း(Mela-Shikar)ဖြင့် ဆင်ကျော့ဖမ်းခြင်းကို မြန်မာမင်းများ လက်ထက်ကပင် ခနက်ပလာဆင်ဖမ်းအစုက လုပ်ဆောင်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ တောဆင်ရိုင်းများကို ဆင်ယဉ်နှင့်လိုက်၍ အပြိုင်ပြေးကာ ကြိုးကွင်းစွပ်ဖမ်းဆီးနိုင်ရန်အတွက် ဆင်ဖမ်းအဖွဲ့တစ်ခုတွင် ကွန်ဂျီခေါ် ဖမ်းဆင်လိမ္မာကြီး သုံးကောင်၊ အကူဆင်ကြီး တစ်ကောင်၊ စခန်းစောင့် ရိက္ခာတင်ရန် ဆင်ကြီးတစ်ကောင် စုစုပေါင်း ဆင်ကြီးငါးကောင်ပါဝင်သည်။ ဆင်ဦးစီးအပါအဝင် လူ ၁၀ ယောက်ခန့် ပါဝင်ကြောင်း လေ့လာသိရှိရသည်။ ယခုအခါ ကွန်ဂျီဆင်လိမ္မာကြီးများ ရှားပါးခြင်း၊ တောဆင်ရိုင်းအန္တရာယ်ကိုကာကွယ်ရန် လက်နက်မပြည့်စုံခြင်းတို့ကြောင့် မီလာရှီကာနည်းဖြင့် ဆင်ကျော့ဖမ်းအဖွဲ့ နည်းပါးသလောက်ရှိနေပါသည်။ မြန်မာဘုရင်များကိုယ်တိုင် ရှေးအခါက ဆင်ဖမ်းလေ့ရှိကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ မီလာရှီကာ ကြိုးကွင်းစွပ် ဆင်ဖမ်းသည့်နည်းသည် ဖမ်းဆီးခံရမည့် တောဆင်ရိုင်းများအတွက် အန္တရာယ်နည်းသော်လည်း တောဆင်ရိုင်းဖမ်းသည့်လူအတွက် အန္တရာယ်များသော ဆင်ဖမ်းနည်းစနစ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံရှိ သစ်လုပ်ငန်းမှတ်တမ်းများအရ (၁၉၆၆-၆၇)ခုနှစ်တို့တွင် မီလာရှီကာနည်းဖြင့် တောဆင်ရိုင်းပေါင်း ၁၈ကောင်ရရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရပါသည်။

(ဂ) မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခြင်း (Tranquilizer Gun Immobilisation Technique) မေ့ဆေးသေနတ်ဖြင့် တောဆင်ရိုင်းဖမ်းသည့်စနစ်ကို ယခင် မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးလှအောင်နှင့် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိ ဆင်ဆရာဝန်များပူးပေါင်းကာ လုပ်ဆောင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ကမ္ဘာပေါ်တွင် တောဆင်ရိုင်းကို ကျုံးသွင်းခြင်း၊ ကြိုးကွင်းစွပ်ဖမ်းခြင်း နည်းစနစ်အပြင် မေ့ဆေးသေနတ်ဖြင့်လည်း ဖမ်းဆီးကြပါသည်။ မေ့ဆေးသေနတ်ဖြင့် တောဆင်ရိုင်းဖမ်းဆီးခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် အာရှတိုက်တွင် အစောဆုံး အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။ မေ့ဆေးသေနတ်ဖြင့် ဆင်ဖမ်းအဖွဲ့တွင် ကွန်ဂျီခေါ် ဆင်လိမ္မာ သုံးကောင်၊ ဖန်တီခေါ် ဦးစီးတစ်ယောက်၊ ဂန်နာခေါ် မေ့ဆေးသေနတ်သမားတစ်ယောက်၊ တိရစ္ဆာန် ဆေးကုဆရာဝန်တစ်ယောက်၊ မာအွတ်ခေါ် ပွဲစီးနောက်လိုက်တစ်ယောက် လိုက်ပါကြရသည်။ ဆင်သုံးကောင်ပါဝင်၍ ဆင်တစ်စီးလျှင် သုံးဦးကျစီဖြင့် လူကိုးယောက် အနည်းဆုံးရှိရမည်ဖြစ်သော်လည်း အချို့မှာ ဆင်နှစ်စီး၊ လူလေးယောက်နှင့် ဆင်ဖမ်းထွက်သည်လည်းရှိပါသည်။ မေ့ဆေးသေနတ်ကို အသုံးပြုရာတွင် မေ့ဆေးအချိန်အဆ၊ မေ့ဆေးကျည်ဆန် ထိမှန်မည့်နေရာ စသည်တို့ အထူးအရေးကြီးပါသည်။ မေ့ဆေးအချိန်အဆနည်းလျှင် ဖမ်းဆီးပေးသည့်လူနှင့် ဆင်အတွက် အန္တရာယ်ရှိသလို မေ့ဆေးအချိန်အဆများလျှင် ဖမ်းဆီးခံရသည့်ဆင် သေဆုံးနိုင်ပါသည်။ အသုံးပြုသောမေ့ဆေးကို အမ် ၉၉ (M 99 ETORPHINE)ဟုခေါ်ပြီး ဖြေဆေးကို အမ်၂၈၅နှင့် အမ် ၅၀၅၀ (M 285 CYOPE MORPHINE M 5050 DIPRENORHHINE) တို့ကိုအသုံးပြုကြောင်း သိရှိရပါသည်။ မေ့ဆေးဖြင့် ဆင်ဖမ်းအဖွဲ့သည် မိမိဆင်များဖြင့် သစ်တောဝါးတောများအတွင်း တောဆင်ရိုင်းအုပ်စုအား နေ့၊ ညရှာ၍ တစ်ရှိန်ထိုးလိုက်ရသဖြင့် အန္တရာယ်များပါသည်။ တောတောင်၏ ကြမ်းတမ်းမှုဒဏ်အား ခံရပါသည်။ တောဆင်ရိုင်းအုပ်စုအား တွေ့ရှိပါကလည်း ဖမ်းဆီးမည့် တောဆင်ရိုင်းငယ်ကို အထူးရွေးချယ်ရ၏။ မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်မည့်နေရာအားလည်း ရွေးချယ်ရသည်။ အကယ်၍ တောဆင်ရိုင်းအား တောင်စောင်းကမ်းပါး၌ ပစ်ခတ်မိပါလျှင် ထိုဆင်သည် မေ့ဆေးအရှိန်ကြောင့် ကမ်းပါးမှ မူးမေ့လိမ့်ကျ သေသွားနိုင်သည်။ တချို့ဆင်များသည် မေ့ဆေးကျည်ဆန်တန်းလန်းနှင့် ၃ဖာလုံ၊ ၄ဖာလုံခန့် ပြေးတတ်ပါသည်။ ထို့ကြောင့် တောဆင်ရိုင်းပစ်ခတ်ဖမ်းဆီးရာတွင် မြေပြန့်နှင့် ချိုင့်ဝှမ်းများတွင် ပစ်ခတ်ဖမ်းဆီးလေ့ရှိသည်။ ဆင်ဖမ်းအဖွဲ့သည် တောဆင်ရိုင်း၊ ဆင်အုပ်၏ လေအောက်မှဝင်၍ ဆင်ကို အနီးဆုံး ကိုက်၂၀၊ အဝေးဆုံး ကိုက် ၆၀ မှ ပစ်နိုင်သည်။ ဆင်ကို မေ့ဆေးသေနတ်နှင့်ပစ်ပြီး နာရီဝက်ကြာသည်အထိ လဲကျမေ့ခြင်းမရှိပါက လိုအပ်သည့် ဆေးအချိန်အဆကို တွက်ချက်၍ ထပ်မံပစ်ခတ်ရပါမည်။ ထို့နောက် မေ့ဆေးကြောင့်လဲကျနေသော တောဆင်ရိုင်းကို ကြိုးဖြင့် အသေအချာချည်နှောင်ကာ ဖြေဆေးထိုးပေးရပါသည်။ တောဆင်ရိုင်း မေ့ဆေးပြယ်၍ သွားလာလှုပ်ရှားနိုင်သောအခါ ကွန်ဂျီဆင်နှင့်တွဲ၍ ဆင်ကျင့်စခန်းသို့ ခေါ်ဆောင်လာရပါသည်။ စာရေးသူမှာ လွန်ခဲ့သောခုနစ်နှစ်က ပဲခူးရိုးမအတွင်း သစ်လုပ်ငန်း တောဆင်ရိုင်းဖမ်းအဖွဲ့နှင့်အတူ တောဆင်ရိုင်း နှစ်ကောင်အား ဖော်ပြပါမေ့ဆေးသေနတ်အသုံးပြု၍ ဖမ်းဆီးပေးခဲ့ဖူးပါသည်။

တက္ကသိုလ်တင်လကျာ်

မြန်မာ့ဆင်နှင့် မြန်မာ့စာပေ၊ အနုပညာယဉ်ကျေးမှု

မြန်မာ့စာပေတွင် မြန်မာ့ဆင်နှင့်ပတ်သက်၍ ရေးသားဖွဲ့ဆိုမှုများကို ဧကရာဇ်မင်းအဆက်ဆက်နှင့်တကွ ပြည်သူတို့သည် ဆင်တော်ဘွဲ့မော်ကွန်းများ၊ ပို့များ၊ တျာချင်း၊ ကြိုး၊ သီချင်းနှင့် ဝတ္ထုဇာတ်လမ်းများကို နှစ်ခြိုက်အားပေးကြကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ မြန်မာ့စာပေတွင် အစောဆုံးအားဖြင့် ညောင်ရမ်းခေတ်၊ အနောက်ဘက်လွန်မင်းလက်ထက် စစ်လျင်တောင်မှူးဖွဲ့ဆိုသော ဆင်တော်ဆိုင်ရာ ရွှေစာတိုင်ဆင်တော်မော်ကွန်းစာပေကို စတင်တွေ့ရှိရပါသည်။ ပုဂံ၊ ပင်းယခေတ်တို့တွင် ဆင်ဖြူရတနာအသုံးအနှုန်းကို သုံးစွဲနေသည်ကို တွေ့ရှိရပါသည်။ မြန်မာ့စကားပြေလောကတွင် ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် အစောဆုံးဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ဦးပုည၏ အဖွဲ့အနွဲ့သည် ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း၏ ဒါနပါရမီ၊ ခန္တီပါရမီတို့ကို မီးမောင်းထိုးပြသလို သုဘဒ္ဒါ၏ ချစ်ခြင်း၊ မုန်းခြင်း၊ ဝိရောဓိတို့ကို သရုပ်သကန်ပေါ်လွင်အောင် ရသထုံမွမ်းနိုင်ခြင်းကြောင့် ဆဒ္ဒန်ဆင်မင်းဝတ္ထုမှာ ပြည်သူတို့နှလုံးကြား စိမ့်ဝင်ခဲ့ပါသည်။ ပိဋကတ်ပါဠိတော်များကို မြန်မာပြန်ဆိုရေးသားရာ၌ ပိဋကတ်တော်လာ ဆင်အကြောင်းများကို အင်းဝခေတ် စာပေများတွင် ပိုမိုတွင်ကျယ်စွာ ဖွဲ့နွဲ့လာခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာပြည်အထက်ပိုင်းတွင် ရှင်ပြုအခမ်းအနားလှည့်လည်ရာ၌ ဆင်များအား အသုံးပြုခဲ့ကြောင်းသိရှိရပြီး မြန်မာပြည်မြောက်ခြမ်း တနိုင်းနယ်ဘက်တွင် ဆင်အားလယ်ထွန်ခြင်းစသော စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုကြောင်းသိရှိရသည်။

မြန်မာ့စာပေကျမ်းဂန်အတွင်းမှ ဆင်များနှင့်မြန်မာ့ဆင်ဖြူတော်

မြန်မာ့စာပေကျမ်းဂန်အတွင်းမှ ဆင်များမှာ ဒီသာဂဇဆင်ပေါက်ရှစ်မျိုး၊ ဒီသာဂဇ ဆင်မရှစ်မျိုး၊ အဌဒီသာဆင်ရှစ်မျိုး၊ အဌဂဇဆင်ရှစ်မျိုး၊ သာမညသုဘလက္ခဏာဆင် ၁၂မျိုး၊ မင်္ဂလာဆင်မျိုး ၁၄စီး၊ ရာဇဂါဟနဆင်ခြောက်မျိုး၊ သီဟဝါဟနဆင်ခြောက်မျိုး၊ ဆင်ဖြူလေးမျိုးဟု ပါရှိပါသည်။ ဆင်ဖြူလေးမျိုးမှာ-

(က) မာတင်္ဂဆင်ကား အာဇာနည်မျိုး၊ ခြေသည်းလက်သည်း ကိုယ် အစွယ် ခရုသင်း၊ မျက်စိပုလဲအစွယ် လက်ယာချီစာမရီမွေးရှိ၏။

(ခ) ကာလသ ဟတ္တိဆင်ကား မျက်စိပတ္တမြားအဆင်း ကိုယ်ငွေတောင် အဆင်းနှင့်တူ၏။

(ဂ) ပဏ္ဍာရိကဆင်ကား ပုဏ္ဍာရိက်ကြာဖြူကဲ့သို့ ဖြူစင်စွာသော အသားအရေရှိ၏။

(ဃ) အရဏာပတ္တိဆင်ကား မျက်စိနီလာကျောက်အဆင်း ကိုယ်မှာ နေအရဏ်ကဲ့သို့ရှိ၏။

ဟု မြန်မာစာပေကျမ်းဂန်အတွင်း ဖော်ပြထားပြီး ရှေးဟောင်း စာပေသုတေသီတစ်ဦး၏ "မြန်မာ့နန်းသုံးဆင်" စာအုပ်တွင် ညာဏာဘိဝံသ ဓမ္မသေနာပတိမထေရ် ရေးသားသည့် "ဆင်ဖြူမျိုးတို့လက္ခဏာ" စာတမ်းတွင် ဖော်ပြထားသည်မှာ ရတနာ ဆင်ဖြူတော်တို့၏ ကြန်အင်လက္ခဏာမှာ ဆင်ဖြူတော်တို့သည် အမွေးအမှင်ဖြူရုံမက အသားအရေ အလုံးစုံတို့သည် ပုဏ္ဍာရိက်ကြာဖြူကဲ့သို့ ဖြူစင်လှပေသည်။ အမိဝမ်းမှဖွားစကပင် တစ်ကိုယ်လုံး ဖြူစင်လှ၍ ငွေစိုင်အစုအခဲနှင့်ပင် တူလှပေသည်ဟု ဖော်ပြထားပြီး ဆင်ဖြူတော်၏ မျက်စိတို့သည် အမျက်ကိုးပါး ရွှဲလုံးကဲ့သို့ မျက်စိရှိပေသည်။ ၄င်းပြင် ခံတွင်းအာပေါင်သည် ကမ္ဗလာနီကဲ့သို့ တွတ်တွတ်နီပေသည်။ နှာမောင်းသည် ရွှေနီဗိန္ဒုပေါ်ဖြင့် တန်ဆာဆင်သော ငွေပန်းဆိုင်းသဖွယ် ရှိပေသည်။ ခြေဖဝါးလေးဖက်တို့သည် ချိပ်ရည်ဖြင့် တပ်ထားဘိသကဲ့သို့ ဖြစ်နေလေသည်ဟု ဖော်ပြထားကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် သမိုင်းအစဉ်အဆက် ဆင်ဖြူတော်များ ပေါ်ပေါက်ခဲ့ရာ လက်ရှိ ရန်ကုန်မြို့ မင်းဓမ္မလမ်းကျောက်တော်ကြီးဘုရားအနီး ရတနာဆင်ဖြူတော် ဥယျာဉ်တွင် ပထမစွယ်စုံရတနာဆင်ဖြူတော် ရာဇဂဟသိရီပစ္စယဂဇရာဇာ(အထီး)၊ ဒုတိယရတနာဆင်ဖြူတော် သိင်္ဂီမာလာ(အမ)၊ တတိယရတနာဆင်ဖြူတော် ရတီမာလာ (အမ)တို့ ရှိနေကြောင်း သိရှိရပါသည်။

ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာကြီးပူနွေးမှုကြောင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ ကိန်းအောင်းရာ သစ်တောများသည် နှစ်စဉ်ဟက်တာ (၁၃)သန်းခန့် ပျက်စီးနေကြောင်း လေ့လာသိရှိရပါသည်။ ၄င်းနှုန်းအတိုင်း ဆက်လက်ပျက်စီးနေပါက နှစ် ၂၁၀၀ တွင် ဇီဝမျိုးစုံမျိုးကွဲ ၄၂ရာခိုင်နှုန်း ပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာသိရှိရပါသည်။ Intergovernmental Panel on Climate Change (IPCC) ၏အစီရင်ခံစာတွင် အာရှဒေသရှိ ဇီဝမျိုးစုံမျိုးကွဲ ရာခိုင်နှုန်း ၅၀သည် ကမ္ဘာကြီးပူနွေးမှုကြောင့် ရာသီဥတုများ ပြောင်းလဲပြီး ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်သွားနိုင်ကြောင်း ဖော်ပြထားပါသည်။ လူ့ယဉ်ကျေးမှုတစ်လျှောက်လုံး အာရှဒေသ၏ ဇရိယာအများစုတွင် ဆင်များ ကျက်စားနေထိုင်ခဲ့ကြသည်။ ဆင်များဖမ်းဆီး၍ ယဉ်ကျေးအောင် လေ့ကျင့်သင်ကြားပေးခဲ့ကြသည်ကို တွေ့ခဲ့ကြရသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်ကတည်းက ဆင်များ၏ တန်ဖိုးကို သိရှိနားလည်ခဲ့ကြသဖြင့် အုပ်ချုပ်သူဘုရင်များက ဆင်များကို ကာကွယ်သည့် ဥပဒေများ ထုတ်ပြန်တားမြစ်ခဲ့ကြသည်။ မြန်မာပြည်တွင် ထိုအချိန်က ဆင်ကောင်ရေ ၁၀၀၀၀ခန့်ရှိမည်ဟု ခန့်မှန်းခဲ့ကြသည် (GEE, E.P (1949)-wild elephant in Assam)။ ၄င်းအပြင် (Richard Laio(1997) Gone Astray: The Care and Management of Asian Elephants in Domesticity FAO Bangkok) ၏ အစီရင်ခံစာတွင် အာရှတောရိုင်းဆင်များ မြန်မာနိုင်ငံတွင်အများဆုံး အကောင်ရေ ၆၀၀၀မှ အနည်းဆုံးအကောင်ရေ ၄၀၀၀အတွင်း ကျန်ရှိနေကြောင်း ဖော်ပြထားသဖြင့် ဖော်ပြပါမှတ်တမ်း၏နောက်ပိုင်း လက်ရှိ ၁၂နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ မြန်မာ့သဘာဝ သစ်တောများတွင် တောဆင်ကောင်ရေ ၄၀၀၀နီးပါးမျှမှာ ဆင်စားကျက်ကျဉ်းမြောင်းစွာ နေထိုင်ကျက်စားနေရမည်ကို အကြမ်းဖျင်းခန့်မှန်း တွက်ချက်နိုင်ပါသည်။

လက်ရှိ ပွင့်လင်းရာသီအတွင်း ပဲခူးရိုးမအတွင်းမှ တောဆင်ရိုင်းများမှာ တဖြည်းဖြည်း စားကျက်ကျဉ်းမြောင်းမှုကြောင့် လူတို့ တိုးချဲ့နေထိုင်စိုက်ပျိုးရာ စိုက်ခင်းများအတွင်းသို့ ဆင်ဝမ်းပူစာမနေသာ၍ ဝင်ရောက်ဖျက်ဆီးလေ့ရှိကြောင်း၊ ထို့ပြင် ထိုဆင်များ သွားရာလမ်းကြောင်းအနီးရှိ စိုက်ခင်းများအနီး လူနှင့်ဆင်ပဋိပက္ခ မကြာခဏ ဖြစ်ပွားခဲ့ကြောင်း သတင်းများကြားသိရပါသည်။ သို့ဖြစ်ပါ၍ ဆင်၏ မူလစားကျက်သဘာဝအတိုင်း သွားလာနေထိုင်သော ဆင်စားကျက်များအနီး လူများမှ စိုက်ခင်းတည်ထောင်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို ရှောင်ရှားသင့်ပါသည်။ ယနေ့ သဘာဝအနေအထားအရ ဆင်စားကျက် ကျဉ်းမြောင်းနေသော မြန်မာ့တောဆင်ရိုင်းများအား စာရေးသူမှ ကြင်နာသော မေတ္တာနှလုံးသားဖြင့် (Be Kind To Animals) **"တိရစ္ဆာန်များကို ကြင်နာသနားပါ"**ဟု ဖော်ပြရေးသားရင်း ကန်တော်မင်ကျောင်းဆရာတော်၏ ဆင်နှင့်ခိုင်းနှိုင်း ဥပမာပြု၍ တရားမှတ်ရှုထားမှုအား စာဖတ်သူအများ ပြည်သူအတွက်ဖော်ပြလျက် နိဂုံးချုပ် စုစည်းလေ့လာတင်ပြအပ်ပါသည်။

ကန်တော်မင်ကျောင်း ဆရာတော်၏ တရားမှတ်ဆုံးမစာ

လောဘဟူသည် ဆင်ရိုင်းစွ
ပညာဟူသည်ချွန်းယောက်မ
သဒ္ဓါပညာ ချွန်းရှည်ပြ
သတိဟူသည်လွန်ကြိုးပြ
ဒိဋ္ဌိဟူသည် တွင်းတွင်ချ
ယဉ်လျှင် နိဗ္ဗာန။ ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်္ဂလန် ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမား၏ ဦးတည်ရာ

ရေးသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၁၁

အင်္ဂလိပ်ဘောလုံးလောက၏ ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားဆုကို ရွေးချယ်တော့မည်။ ဘောလုံးအင်အားကြီးနိုင်ငံဖြစ်ပြီး ကမ္ဘာ့ဘောလုံးသမိုင်းတစ်လျှောက် အရေးပါခဲ့သည့် အင်္ဂလန်နိုင်ငံ၏ ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားအဖြစ် ရေပန်းစားနေသူမှာ အင်္ဂလန်နှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်ဖြစ်သည်။

လမ်းပတ်ဆိုသည်မှာ

အင်္ဂလန်နိုင်ငံ ရွမ်းဖို့ဒ်မြို့တွင် ၁၉၇၈ခုနှစ် ဇွန် ၂၀ရက်၌ လမ်းပတ်ကို မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ဘောလုံးကစားခြင်းကို ပျော်မွေ့ခဲ့သူဖြစ်သည်။ ဝက်စ်ဟမ်း ကလပ်၏ အကယ်ဒမီ ကျောင်းထွက်ဖြစ်ပြီး လမ်းပတ်၊ဒီကာနီရို၊ မိုက်ကယ်ကာရစ်၊ ဂျိုးကိုးတို့မှာ ဝက်စ်ဟမ်းကလပ်ထွက် ခေတ်ပြိုင်ဘောလုံး သမားများဖြစ်သည်။

ဆယ်စုနှစ် အကောင်းဆုံး

မိခင် ဝက်စ်ဟမ်း ကလပ်၏ ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားအဖြစ် လမ်းပတ်ကို ဇန်နဝါရီ ၁၀ရက်က ပူပူနွေးနွေး ရွေးချယ်ခဲ့သည်။ လမ်းပတ်သည် ဝက်စ်ဟမ်းကလပ်၏ သမိုင်းတွင် ထူးခြားပြီး ထူးချွန်သော ကွင်းလယ် ဘောလုံးသမား တစ်ဦးဖြစ်ကြောင်း ဝက်စ်ဟမ်းကလပ်က သုံးသပ်ဖော်ပြခဲ့သည်။ ဆယ်စုနှစ်ကာလအတွင်း လမ်းပတ်သည် ဝက်စ်ဟမ်းကလပ် ၏ ဂုဏ်သိက္ခာကို သူ၏အံ့သြဖွယ်ရာ အရည်အချင်းဖြင့် မြှင့်တင်ပေးနိုင်ခဲ့သည်ဟု ဝက်စ်ဟမ်းကလပ်အုပ်ချုပ်မှုအဖွဲ့က မှတ်ချက်ပြုခဲ့သည်။

ဝက်စ်ဟမ်းကလပ်၏ ဆယ်စုနှစ်အတွင်း အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခဲ့သည့်အတွက် **“မိမိဘဝ၌ မိခင် ဝက်စ်ဟမ်းကလပ်၏ ကျေးဇူးကို မည်သည့်အခါမျှ မေ့မည် မဟုတ်ကြောင်း၊ မိမိ ယခုကဲ့သို့ ရပ်တည်ကစားနိုင်နေခြင်းမှာ ဝက်စ်ဟမ်းကလပ်ကြောင့်ပင်ဖြစ်ကြောင်း”**ဟု လမ်းပတ်က ကျေးဇူးတင်စကားကို ဂုဏ်ယူဝင့်ကြွားစွာ သတိတရပြောကြားခဲ့သည်။



ချယ်လ်ဆီးကွင်းလယ် ကစားသမား လမ်းပတ်။

အသင်းပြောင်းရွှေ့

ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမားအဖြစ် ၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၁ရက်မှ စတင်ကာ ပထမပွဲထွက် ကစားသမားဖြစ်ခဲ့သည်။ ကွင်းလယ်ကစားကွက်ကို အံ့သြဖွယ်ရာ ထိန်းချုပ်ကစားနိုင်သည်။ ဘောလုံးဖြန့်ဝေမှုအပိုင်းလည်း တိကျမှန်ကန်ကာကိုယ်တိုင်လည်း ဂိုးသွင်းထက်မြက်၍ နာမည်ကြီးခဲ့သည်။ ထို့ကြောင့် ၂၀၀၁ခုနှစ် ဇွန်လ၌ ချယ်လ်ဆီး နည်းပြ ရာနီရေးရီက ပြောင်းရွှေ့ကြေးပေါင် ၁၁သန်းနှင့် ခေါ်ယူခဲ့သဖြင့် ချယ်လ်ဆီးကွင်းလယ် ကစားသမား ဖြစ်ခဲ့သည်မှာ ယခုတိုင် ဖြစ်သည်။

စွမ်းဆောင်မှုမှတ်တမ်း

အသက် ၃၁နှစ် ရှိပြီး ဖြစ်သည့် လမ်းပတ်သည် အင်္ဂလန်ဘောလုံးသမားများ၌ ဘောလုံးပွဲ အများဆုံး ကစားရသူအဖြစ် မှတ်တမ်းတင်ထားနိုင်သည်။ ပွဲချိန်ပြည့် ကစားခဲ့သည့် ပွဲပေါင်း ၁၄၆ပွဲ ဖြစ်ရာ ဒုတိယ ပွဲစဉ် အများဆုံးပါဝင်ကစားသည့် လီဗာပူး နောက်ခံလူ ကာရေဂါထက် ငါးပွဲ ပိုမိုများပြားသည်။ လမ်းပတ်ပွဲချိန်ပြည့်ပါဝင်ကစားခဲ့သည့် ၁၄၆ပွဲအနက် ပွဲပေါင်း ၂၀မှာ နိုင်ပွဲများဖြစ်ရာ အနိုင်ရလဒ်အတွက် ရွှေလာဘ်ကောင် ဖြစ်ခဲ့လေသည်။ ၂၀၀၄-၂၀၀၅နှင့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီများ၌ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထိုနှစ်များက ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား တစ်ဦးအဖြစ် ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ပြီး မော်ရင်ဟိုက ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် ထုတ်ဖော်ချီးကျူးခဲ့သည်။ ၂၀၀၅ ခုနှစ်က တစ်ဦးတည်း ၁၃ဂိုးသွင်းယူကာ ပရီမီယာလိဂ်၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုရရှိခဲ့သည်။

အလွတ်တည်ကန်ဘောနှင့် ပယ်နယ်တီကန်သွင်းမှုတို့တွင် ဂိုးရအောင်သွင်းယူနိုင်သည့် ထူးခြားမှုရှိသော ကွင်းလယ်ကစားသမားဖြစ်သည်။ ထို့အပြင် ကွင်းလယ်မှ တိုက်စစ်ကို လိုက်ပါဖြည့်ဆည်းပေးနိုင်မှု၊ ဘောလုံးဖြန့်ဝေမှု၊ တိုက်စစ်ဆင်မှု၊ ကိုယ်တိုင် ဂိုးသွင်းနိုင်မှုတို့တွင် အင်္ဂလန်နှင့် လီဗာပူးကွင်းလယ်ကစားသမား ဂျရတ်ထက် စွမ်းဆောင်မှုအား ပိုမိုကောင်းမွန်သည်ဟု အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က သုံးသပ်ထားသည်။

ဖွင့်ဟ

အင်္ဂလန်နိုင်ငံ ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားအဖြစ် လမ်းပတ်ကို သတ်မှတ်လျှင် မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်ကြောင်း မန်ယူနည်းပြဖာဂူဆန်က ဖွင့်ဟစကားဆိုသည်။ လက်ရှိ ချယ်လ်ဆီး နည်းပြ အန်ဆယ်လော့တီကလည်း **“ချယ်လ်ဆီးရဲ့ကစားအား အတက်အကျဟာ လမ်းပတ်အပေါ် မူတည်နေပါတယ်လို့ပြောရင် လွန်မယ်မထင်ပါ”** ဟု ပြောကြားသည်။

လက်ရှိအချိန်၌ ဝက်စ်ဟမ်းကလပ်၏ ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခံထားရသည့် လမ်းပတ်သည် အင်္ဂလန်၏ဆယ်စုနှစ်အကောင်းဆုံး ဘောလုံးသမားဖြစ် မဖြစ် အဖြေညိုကြရဦးမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အာဖရိကနိုင်ငံများဖလား စတင် အိမ်ရှင်အင်ဂိုလာ သရေပွဲနှင့်တာထွက်

လူအန်ဒါ ဇန်နဝါရီ ၁၁

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ရက်က စတင်ယှဉ်ပြိုင် ကစားပြီဖြစ်ရာ အဖွင့်ပွဲစဉ်တွင် အိမ်ရှင်အင်ဂိုလာအသင်းနှင့် မာလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အိမ်ရှင် အင်ဂိုလာအသင်းက ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားခဲ့သည်။ ဒုတိယပိုင်း ပြန်စပြီး မကြာမီ နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် လေးဂိုးအသာရရှိကာ မာလီအသင်းကို ဦးဆောင်ကစားခဲ့သည်။ သို့သော်လည်း ပွဲပြီးရန် ၁၁မိနစ်အကြာတွင် မာလီအသင်းက ချေပဂိုးလေးဂိုး ပြန်သွင်းခဲ့သဖြင့် တစ်မှတ်စီသာ ခွဲဝေယူနိုင်ခဲ့ကြသည်။ မာလာဝီက ဇန်နဝါရီ ၁၁ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင် အယ်လ်ဂျီးရီးယားကို သုံးဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ ယင်းအာဖရိကနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲကို အုပ်စုငါးအုပ်စုခွဲ၍ ကျင်းပရာ တစ်အုပ်စုလျှင် လေးသင်းပါဝင်သည်။ ဇန်နဝါရီ ၁၂ရက်တွင် အီဂျစ်နှင့် နိုင်ဂျီးရီးယား၊ မိုဇမ်ဘစ်နှင့် ဘီနင်တို့သည် အုပ်စု(ဂ) ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

တိုက်စစ်မှူး အဒီဘာယော ပုံမှန်ပြန်ကစားနိုင်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁၁

တိုဂိုအသင်းခေါင်းဆောင် အဒီဘာယောသည် အင်ဂိုလာ၌ ကျင်းပလျက်ရှိသည့် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲသို့အသွား လမ်းတွင် သေနတ်သမားများ၏ တိုက်ခိုက်ခံရပြီးနောက် တိုဂိုသို့ ပြန်လည် ရောက်ရှိလာပြီဖြစ်ကြောင်း မန်စီးတီးကလပ်က ကြေညာသည်။

ကြေညာချက်

တိုက်စစ်မှူး အဒီဘာယောသည် ပရီမီယာလိဂ်ပြိုင်ပွဲများတွင် ပုံမှန်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း၊ သို့သော် မန်းစီးတီးတာဝန်ရှိသူများနှင့် တိုက်စစ်မှူး အဒီဘာယောတို့ ဆွေးနွေးနေဆဲဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။



ဒဏ်ရာရ

အဆိုပါတိုက်ခိုက်မှုကြောင့် တိုဂိုလက်ထောက် နည်းပြ၊ အသင်းပြောရေးဆိုခွင့်ရှိသူနှင့် ယာဉ်မောင်းတို့ သေဆုံးခဲ့ရပြီး ကစားသမားအချို့ ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆို၏။ (အင်တာနက်)

ဘရစ္စဘိန်းချန်ပီယံဖလား ကလစ္စတားဆွတ်ခူး

ဘရစ္စဘိန်း ဇန်နဝါရီ ၁၁

သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပသော ဘရစ္စဘိန်း အင်တာနေရှင်နယ် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ်များ ဖြစ်ကြသည့် ကင်ကလစ္စတားနှင့် ဂျပ်စတင်းဟေနင်တို့ ယှဉ်ပြိုင်ကစားကြရာ ကလစ္စတားက အနိုင်ရပြီး ချန်ပီယံဆုဖလားကြီး ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့သူ

၎င်းတို့နှစ်ဦးသည် နှစ်နာရီနှင့် ၂၃ မိနစ်ကြာအောင် ယှဉ်ပြိုင် ကစားခဲ့ပြီးနောက် ကလစ္စတားက ၆-၃၊ ၄-၆၊ ၇-၆(၈-၆)ဖြင့်နိုင်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ကလစ္စတားသည် တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက် ယခုဆွတ်ခူးနိုင်သည့်ဆုဖလားမှာ ဒုတိယမြောက် ဆုဖလားဖြစ်သည်။ သူမသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က ယူအက်စ်အိုးပင်းဖလားကို လည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

တိုက်စစ်မှူး ဗိုရိုနင် လီဗာပူးကို ကျောခိုင်းပြီ

လန်ဒန် ဇန်နဝါရီ ၁၁

ယူကရိန်းတိုက်စစ်မှူး အင်ဒရီဗိုရိုနင်သည် လီဗာပူးမှ စိတ်ဓာတ်ကျထွက်ခွာသွားပြီးနောက် ရုရှားကလပ် ဒိုင်နမိုမော်စကိုနှင့် သုံးနှစ် စာချုပ်လိုက်ပြီ ဖြစ်သည်။

အငှားချ

အသက် ၃၀ရှိ တိုက်စစ်မှူးဗိုရိုနင်သည် လီဗာပူးက ဂျာမနီကလပ် ဟာသာဘာလင်သို့ အငှားချထားရာမှ ယခုနှစ် ဘောလုံးရာသီတွင် အန်ဖီးလ်သို့ ပြန်လာခဲ့သည်။

စိတ်ဓာတ်ကျ

သို့သော်လည်း တိုက်စစ်မှူး တောရက်စ်ဒဏ်ရာရနေသည့်တိုင်အောင် နည်းပြ ဘင်နီတက်ဇ်က ပုံမှန်ပွဲမထုတ်သဖြင့် စိတ်ဓာတ်ကျနေခဲ့သည်။

သွင်းယူပေးနိုင်

ဗိုရိုနင်သည် လီဗာပူးအတွက် ပွဲပေါင်း ၄၀ ပါဝင် ကစားပေးခဲ့ရာ ငါးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ခံစစ်မှူး ကဘူးလ်အား မန်စီးတီးနှင့်ဆန်ဒါးလန်း ခေါ်ယူလို

မန်စီးတီးအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့သည် ပို့စ်မောက်မှ ပေါင် ၁၄သန်းတန် ခံစစ်မှူး ယွန်နက်စ်ကဘူးလ်အား ခေါ်ယူလိုကြသည်ဟု ပို့စ်မောက်အသင်းက ဖွင့်ဟပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

နစ္စတယ်ရွိုင်းအား ခေါ်ယူရန် စတုတ်စီးတီးအသင်း ကြိုးပမ်းခဲ့

စပိန်လာလီဂါအသင်း ရီးရဲမက်ဒရစ်တွင် ယခုဘောလုံးရာသီ၌ ၁၃မိနစ် မျှသာ ပါဝင်ကစားရသေးသူ ဟော်လန်တိုက်စစ်မှူး နစ္စတယ်ရွိုင်းအား စတုတ်စီးတီးအသင်းက စာချုပ်ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း တိုင်းမ်စ်သတင်း၌ ဖော်ပြသည်။

ဂျုန်းစ်၏ ပြောင်းရွှေ့ကြေး လျှော့ချရန် ဘာမင်ဂမ်တိုက်တွန်း

ဆန်းဒါးလန်းအသင်းအနေဖြင့် ၎င်းတို့၏ တိုက်စစ်မှူးကီဝန်ဂျုန်းစ်အား အစွဲထုတ် လိုပါက ပြောင်းရွှေ့ကြေး ပေါင် ၁၄သန်း သတ်မှတ်ထားမှုကို လျှော့ချရန် လိုသည်ဟု ဘာမင်ဂမ်အသင်းက တိုက်တွန်းပြောကြားခဲ့ကြောင်း၊ မန်စီးတီးအသင်းက ဂျုန်းစ်အား ပြောင်းရွှေ့ကြေးပေါင် ၁၀သန်းပေးမည်ဟုပြောကြားကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

အိုနျူယိုဟာအား အငှားစာချုပ်ရန် ဘင်နီတက်ဇ်ကြိုးပမ်း

လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် မန်စီးတီးအသင်းမှ အသက် ၂၃နှစ်အရွယ်ရှိ ခံစစ်မှူး နီဒမ်အိုနျူယိုဟာအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

မာလာဂါ၏ အငှားစာချုပ်ရန် ကမ်းလှမ်းမှု ကိုင်စီဒိုငြင်းပယ်

မန်စီးတီးတိုက်စစ်မှူး ဖိလစ်ပီကိုင်စီဒိုသည် စပိန်ကလပ် မာလာဂါမှ အငှားစာချုပ်ဖြင့် ခေါ်ယူရန်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ဂိုမက်ဇ်အားခေါ်ယူရန် ဝက်စ်ဟမ်းအသင်း ဆွေးနွေးမှုပြုလုပ်နေ

ဝက်စ်ဟမ်းအသင်းသည် ယခုဘောလုံးရာသီတွင် ဘင်ဖီကာအသင်းအတွက် လေးဂိုး သွင်းယူပေးထားသည့် ပေါ်တူဂီတိုက်စစ်မှူး နျူနိုဂိုမက်ဇ်အား စာချုပ်ခေါ်ယူရန် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သည်တိုင်းမ် သတင်း၌ ဖော်ပြသည်။

စပို့တင်းဂီဂျွန်မှ မိုက်ကယ် ဘာမင်ဂမ်သို့ ပြောင်းရွှေ့မည်

စပို့တင်းဂီဂျွန်မှ အသက် ၂၄နှစ်ရှိ စပိန်ကွင်းလယ်ကစားသမား မိုက်ကယ်သည် ဆေးစစ်မှုများ ပြုလုပ်ပြီးနောက် ပြောင်းရွှေ့ကြေး ပေါင် နှစ်သန်းခွဲဖြင့် ဘာမင်ဂမ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သည်အင်ဒီပင်းဒင့်စ်သတင်း၌ ဖော်ပြသည်။

ဆန်းဒါးလန်းသို့ ပြောင်းရွှေ့ရန် တိုက်စစ်မှူးကူရာညီ ငြင်းဆို

ရှော်လ်ကေးတိုက်စစ်မှူး ကီဗင်ကူရာညီသည် ၎င်း၏ အေးဂျင့်များနှင့် အသင်းမှ အရာရှိများ ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ပြောင်းရွှေ့ကြေး ပေါင် သုံးသန်းခွဲဖြင့် ဆန်းဒါးလန်းသို့ ပြောင်းရွှေ့ရေးကို ငြင်းဆိုခဲ့ကြောင်း သည်အင်ဒီပင်းဒင့်စ် သတင်း၌ ဖော်ပြသည်။

တိုက်စစ်မှူး ရိုဒယ်လီဂါအား စတုတ်နှင့်ဘာမင်ဂမ်အပြိုင်ခေါ်ယူ

စတုတ်နည်းပြ တိုနီပူလစ်သည် ဝီဂန်တိုက်စစ်မှူး ဟူဂိုရိုဒယ်လီဂါအား ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြင့်ခေါ်ယူရန် ဘာမင်ဂမ်အသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ခံစစ်မှူးကားလို့စ်အား မာတီနက်ဇ် ထပ်မံကမ်းလှမ်းမည်

ဝီဂန်နည်းပြ ရောဘတ်တိုမာတီနက်ဇ်သည် ပြီးခဲ့သည့် နွေရာသီက စာချုပ်ခေါ်ယူရန် မအောင်မြင်ခဲ့သော ဘယ်လ်ဂျီယံအသင်း ဂျင့်ခ်မှ အသက် ၂၈နှစ်အရွယ်ရှိ ဘရာဇီး ဗဟိုခံစစ်မှူး ဂျူအာယိုကားလို့စ်အား ပြောင်းရွှေ့ကြေးပေါင် လေးသန်းဖြင့် ထပ်မံ ကမ်းလှမ်းခေါ်ယူမည်ဖြစ်ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

အာဆင်နယ်တွင် ဆက်နေရေး စည်းရုံးရန် ၁၈လသာ လိုဟု ဝင်းဂါးဆို

အာဆင်နယ်အသင်းနှင့် လာမည့်ဘောလုံးရာသီအကုန်တွင် လက်ကျန်စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြ အာစင်ဝင်းဂါးက ၎င်း၏ ကျန်ရှိသော ဘဝတစ်လျှောက်လုံး အာဆင်နယ်အသင်းတွင် နည်းပြအဖြစ် ဆက်လက် လုပ်ကိုင်စေရန် ကြိုးစား စည်းရုံးရေးမှာ အာဆင်နယ်အသင်းသားများအတွက် အချိန် ၁၈လသာ ကျန်ရှိတော့သည်ဟု ပြောကြားခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဘာဘာတော့ဗ်၏ ဒူးဒဏ်ရာ ခွဲစိတ်ရဖွယ်ရှိဟု ဖာဂူဆန်ဖွင့်ဟ

တိုက်စစ်မှူး ဘာဘာတော့ဗ်သည် ခွဲစိတ်ကုသမှုခံယူရဖွယ်ရှိသည့် ဒူးဒဏ်ရာ ခံစားနေရသည်ဟု မန်ယူနည်းပြ ဖာဂူဆန်က ဖွင့်ဟပြောကြားခဲ့ကြောင်း သည်ဂါးဒီးယန်း သတင်း၌ ဖော်ပြသည်။

ခရီးသွားမြို့အသွင် တိုးတက်ပြောင်းလဲလာသော ပြင်ဦးလွင်

➤ သတင်းခရီးသည် - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့သည် ရာသီဥတုအေးမြသာယာပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် ခရီးသွားမြို့အဖြစ် တိုးတက်ပြောင်းလဲလာလျက်ရှိပေသည်။

ပြင်ဦးလွင်မြို့လယ်ရှိ ပန်းအဝိုင်းကို ဤသို့ သပ်ရပ်လှပစွာတွေ့ရသည်။ (မြန်မာ့အလင်း)

ဤမြို့သည် မန္တလေး-လားရှိုး မော်တော်ကားလမ်းမကြီး ဖြတ်သန်းသွားရာမြို့ဖြစ်ခြင်း၊ မန္တလေးနှင့် မနီးမဝေး အရပ်၌တည်ရှိခြင်း၊ ထူးခြားအေးမြသော

မန္တလေးမြို့ လွန်မြောက်လာသည်နှင့် စိမ်းလန်းသာယာနေသော တောင်တန်းကြီးများကို အဝေးမှ တွေ့ရသည်။ များမကြာမီ တောင်ပေါ်သို့ ကားဖြင့် စတက်

ပြင်ဦးလွင်မြို့လယ်ရှိ ပန်းအဝိုင်းအနီး ပန်းများဖြင့် အလှခြယ်မှုန်းထားသော ပန်းခြံငယ်တစ်ခုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရာသီဥတုဖြစ်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်လျက်ရှိပေသည်။ သတင်းခရီးသည်တို့သည် မကြာမီက ပြင်ဦးလွင်မြို့သို့ အလည်တစ်ခေါက် ရောက်ခဲ့သည်။ မန္တလေးမှ ပြင်ဦးလွင်မြို့သို့ ကားဖြင့်ခရီးဆက်ခဲ့ကြသည်။

ကြသည်။ လမ်းတစ်လျှောက်တွင် ပြင်ဦးလွင်မှ ပြန်လာကြသောခရီးသွား မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ကုန်တင်ကားကြီးများ တအိအိဆင်းလာသည်ကို တွေ့ရသည်။

တစ်ဖန် မန္တလေးမှ ပြင်ဦးလွင်သို့ ဆိုင်ကယ်များဖြင့်လည်းကောင်း၊ ဗင်ကားများဖြင့်လည်းကောင်း၊ Light truck များဖြင့်လည်းကောင်း၊ ဖိုးဝိုး မော်တော်ယာဉ်များဖြင့်လည်းကောင်း ဥဒဟို မောင်းနှင်သွားနေသည်ကို တွေ့ရသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ထွက်ရှိသော ဖရဲသီးများကို မူဆယ် ၁၀၅မိုင်မှ တစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရန် ထွက်ခွာလာသော ၁၀ဘီး မော်တော်ယာဉ်များကိုလည်း မကြာခဏတွေ့ရသည်။

အပန်းဖြေ

မန္တလေးမှ ပြင်ဦးလွင်သို့ ၄၅ မိနစ်၊ တစ်နာရီခန့် ကားစီးရသည်။ ယာဉ်များမှာ ဟိုင်းလတ်နှင့် ဗင်ကားများရှိသည်။ မန္တလေးမှ ပြင်ဦးလွင်သို့ ဟိုင်းလတ်စီး၍ သွားလျှင် ကားခငွေကျပ် ၁၅၀၀သာကုန်ကျပြီး အမြန်ရောက်လိုသူများအတွက် ဗင်ကားစီး၍ သွားရောက်နိုင်သည်။ ဗင်ကားခမှာ ငွေကျပ် ၅၀၀၀ဖြစ်သည်။ မန္တလေးနှင့် ပြင်ဦးလွင်သည် ကားခရီး သိပ်မဝေးလှပေ။ မန္တလေးမြို့သို့ ဘုရားဖူးလာရောက်ကြသူများအနေဖြင့်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ အခြားသောကိစ္စတစ်ခုဖြင့်လည်းကောင်း လာရောက်ကြသော ခရီးသွားပြည်သူများသည် တောင်တန်းများဖြင့် စခန်းသာလှသော ပြင်ဦးလွင်သို့လည်း အပန်းဖြေ လာရောက်ကြလေ့ ရှိသည်။ ပြင်ဦးလွင်မြို့အနီး ရတနာပုံမြို့သစ်ကြီးလည်း တည်ဆောက်နေပြီ ဖြစ်သည်။

တောင်စခန်းမြို့

မန္တလေးမှ ပြင်ဦးလွင်သို့ သွားရောက်ရာလမ်းသည် တောင်များကို လွန်းထိုးဖောက်လုပ်ထားသဖြင့် လှေကားထစ်များ သဖွယ်ဖြစ်နေသည်။ ထို့ကြောင့်ပင် ပြင်ဦးလွင်မြို့ကို တောင်စခန်းမြို့ဟူ၍လည်း ခေါ်ကြသည်။ ပြင်ဦးလွင်သို့မဝင်မီ အနီးစခန်းမှစ၍ လမ်းဘေးဝဲယာတစ်လျှောက်တွင် ထင်းရှူးတောများ၊ ကျွန်းပင်များဖြင့် စိမ်းလန်းသာယာနေသည်။ လမ်းတစ်လျှောက် နီနီရဲရဲ ရွက်လှပန်းပင်များမှာလည်း နေရာအနှံ့ တွေ့ရသည်။

ပန်းဈေး

အနီးစခန်းတွင်တွေ့ရသော အောင်ချမ်းသာ ပန်းတန်းသည် ပြင်ဦးလွင်မြို့၏ထူးခြားသော ပန်းဈေးဖြစ်သည်။ အောင်ချမ်းသာ တစ်ရွာလုံးနီးပါး ပန်းမျိုးစုံစိုက်ပျိုးပြီး ထွက်ရှိလာသောပန်းများကို မန္တလေး-လားရှိုး ကားလမ်းမကြီးဘေး အောင်ချမ်းသာရွာ၌ ပန်းတန်းခင်း၍ ရောင်းချခြင်းဖြစ်သည်။ ၁၂ရာသီပတ်လုံး ယင်းပန်းတန်းတွင် ပန်းမျိုးစုံ ရောင်းချလျက်ရှိသည်။ ယင်းအောင်ချမ်းသာကျေးရွာမှ ထွက်ရှိသော ပန်းများကို မန္တလေးနှင့် ရန်ကုန်မြို့ကြီးများသို့ ကုန်တင်ကားကြီးများဖြင့် တင်ပို့ရောင်းချသကဲ့သို့ ပန်းတန်းခင်း၍လည်း ရောင်းချကြသည်။

ဖန်တီးစိုက်ပျိုး

ပြင်ဦးလွင်မြို့တွင်းသို့ ဝင်ရောက်လိုက်သည်နှင့် မြို့ဝင်ဆိုင်းဘုတ်များကိုပင် ပန်းရောင်စုံဖြင့် အလှခြယ်မှုန်း စိုက်ပျိုးထားသည်မှာ ခရီးသွားများအတွက် မျက်စိပသာဒ ဖြစ်စရာပင်။ မြို့တွင်းလမ်းဆုံ၊ လမ်းခွတိုင်းတွင် ပန်းအဝိုင်းများဖြင့် အလှခြယ်ထားသည်။ လမ်းဘေးဝဲယာတစ်လျှောက်တွင် နီနီရဲရဲရွက်လှပန်းများမှာလည်း ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် ပြင်ဦးလွင်မြို့ကို အများက ပန်းမြို့တော်ဟူ၍လည်း တင်စားခေါ်ဝေါ်ကြသည်။ ပြင်ဦးလွင်မြို့နယ်စည်ပင်က မြို့ကို သန့်ရှင်းသာယာပြီး ပန်းများဖြင့် အမြဲလှပနေအောင် ဖန်တီးစိုက်ပျိုးထားဟန်တူ၏။

ကျယ်ပြန့်စွာလုပ်ကိုင်

ပြင်ဦးလွင်မြို့လယ်ရှိ စည်ပင်သာယာဈေးကြီးရှိသည့်နေရာသည် အစည်ကားဆုံးနေရာဖြစ်သည်။ မြို့၏ ပို့ဆောင်ရေးယာဉ်အဖြစ် ဆိုင်ကယ်များပေါ်များလာပြီ ဖြစ်သော်လည်း ရထားလုံးမြင်းလှည်းများကို ရိုးရာယဉ်ကျေးမှုတစ်ရပ်အဖြစ် အသုံးပြုနေကြဆဲဖြစ်သည်။ စည်ပင်သာယာဈေးကြီးအနီး ဆွယ်တာဆိုင်များပေါ်များသည်။ ပြင်ဦးလွင်တွင် ဆွယ်တာရက်လုပ်ခြင်းလုပ်ငန်းကို ကျယ်ပြန့်စွာလုပ်ကိုင်နေကြကြောင်း သိရသည်။

ဟိုတယ်၊ မိုတယ်

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ဟိုတယ်၊ မိုတယ်နှင့် အင်းများပေါ်များသည်။ ပြင်ဦးလွင်တွင် ဟိုတယ်၊ မိုတယ်ပေါင်း ၆၀ကျော်ရှိရာ မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများပြီးလျှင် တတိယ ဟိုတယ်၊ မိုတယ် အများဆုံးမြို့ဖြစ်သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ပြင်ဦးလွင်သည် ခရီးသွားမြို့အသွင် တိုးတက်ပြောင်းလဲလျက်ရှိသည်ကို အထင်အရှားတွေ့ရပေမည်။

ပိုမိုလာရောက်

ပြင်ဦးလွင်သည် ရာသီဥတု အေးမြပြီး စိမ်းလန်းသာယာလျက် ရှိခြင်းကြောင့် ခရီးသွားများ ပိုမိုလာရောက်လျက်ရှိပေသည်။ ထို့အပြင် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ဓာတ်တော်ချိုင့်ရေတံခွန်နှင့် မဟာအံ့ထူးကံသာဘုရားမှာ ခရီးသွားများ အများဆုံးလာရောက် လည်ပတ်ရာ ခရီးသွား နေရာများပင်ဖြစ်သည်။ ပြင်ဦးလွင်သည် စိုက်ပျိုးကောင်းမွန်သည်။ မက်မန်း၊ ကော်ဖီ၊ စတော်ဘယ်ရီနှင့် လိမ္မော်တို့သည် ဒေသ၏အဓိက စိုက်ပျိုးရေး ထွက်ကုန်များ ဖြစ်သည်။

ကွင်းဆင်းရေးသား

ထို့ကြောင့် ပြင်ဦးလွင်မြို့သည် မန္တလေးမြို့နှင့် အနီးတစ်ကမ်း၌ တည်ရှိနေခြင်းကြောင့်လည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်ကဲ့သို့ ခရီးသွား နေရာများ ပေါ်များလာခြင်းကြောင့်လည်းကောင်း၊ အိုင်တီနည်းပညာသင်တန်းများနှင့် အိုင်တီပစ္စည်းများ ထုတ်လုပ်ပေးမည့် ရတနာပုံမြို့သစ်ကြီး တည်ဆောက်နေပြီဖြစ်ခြင်းကြောင့်လည်းကောင်း ခရီးသွားမြို့အဖြစ် တိုးတက်ပြောင်းလဲလျက်ရှိပါကြောင်း ကွင်းဆင်း စေ့ငုရေးသား လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တိုးတက်ပြောင်းလဲနေသော ပြင်ဦးလွင်မြို့လယ်မြင်ကွင်း။ (မြန်မာ့အလင်း)

၇၀၀ပြည့် အထူးထုတ် ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၀) ပြည့် အထူးထုတ်ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံး ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကမ္ဘာ့အကြီးဆုံး ကြေးဆွမ်းအုပ်ကြီးကို ပြုလုပ်လျက်ရှိ၊ ကချင်ပြည်နယ်၌ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းအတု ဖန်တီးတည်ဆောက်မည်၊ လူကုန်ကူးခံရသူများအတွက် ယာယီစောင့်ရှောက်မှုဂေဟာကို မူဆယ်မြို့တွင် တည်ဆောက်မည်၊ မော်တော်ဆိုင်ကယ်သစ်များ၊ ယာဉ်နှင့်ယန္တရားများ တင်သွင်းခွင့်လိုင်စင်လျှောက်ရာတွင် ဌာနဆိုင်ရာ ထောက်ခံချက်မလိုတော့၊ Air Bagan က ယခုနှစ်အတွင်း ပြည်ပသုံးနိုင်ငံသို့ တိုးချဲ့ပျံသန်းမည်၊ လူ ၄၀ကျော်ဖြင့် အုပ်စုဖွဲ့ ကျူးလွန်သော လူကုန်ကူးဂိုဏ်းတစ်ခုကို အရေးယူခဲ့၊ ငွေဆောင်၌လေဆိပ်တည်ဆောက်မည်၊ ဆင်မလိုက်ဈေးကို လူနေခန်းများအပါအဝင် အဆင့်မြင့်ဈေးသစ်အဖြစ် တည်ဆောက်မည်၊ ဘုရင့်နောင်လမ်းဆုံ ယာဉ်ကြောရှင်းရန် လမ်းဖြတ်တစ်ခု ဖောက်လုပ်မည်၊ ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက်တွင် ကျင်းပမည်၊ မလေးရှားတွင် ပြည်ပလုပ်သားများအား အလုပ်တစ်ခုထက်ပိုခိုင်းသည့် အလုပ်ရှင်ကို အရေးယူတော့မည်ဟုဆို၊ နာဆာက ဂြိုဟ်သစ်ငါးလုံးရှာတွေ့၊ စတော်ဘယ်ရီသီးပုံရှိသော ထူးဆန်းသည့် ကဏန်းတွေ့ရှိ၊ ရထားက ဟိုတယ်ကို ဝင်တိုက်၊ အိန္ဒိယတွင် အအေးလှိုင်း ကျရောက်၍ လူ ၁၀၀ကျော်သေဆုံး၊ လွန်ခဲ့သည့် နှစ်၁၀၀ခန့်က လေယာဉ်ကို ဝင်ရိုးစွန်း ရေခဲပြင်ပေါ်၌ပြန်တွေ့၊ ၈နှစ်အရွယ် မူလတန်းကျောင်းသားက ပါရဂူဘွဲ့ရအောင် ကျောင်းတက်သွားမည်ဟုဆို၊ သေနတ်၊ ကျည်ဆန်နှင့် ဓားအဟောင်းများဖြင့် လန်ဒန် အိုလံပစ်အဆောက်အအုံများ တည်ဆောက်မည်၊ ပြင်သစ်၌ ဇနီးသည်ကိုအော်ပါက အရေးယူခံရမည့် ဥပဒေပြဋ္ဌာန်း၊ နှာခေါင်းမှ ဦးနှောက်ထဲသို့ ဝင်သွားသည့်တူကို ကလေးငယ်ဆီမှ အောင်မြင်စွာဖယ်ရှားပေးခဲ့၊ အဒီဘာယောပါဝင်သည့် တိုဂိုဘောလုံးအသင်း ပစ်ခတ်တိုက်ခိုက်ခံရ၍ သုံးဦးသေဆုံး၊ အိန္ဒိယ၌ ဟိုတယ်ကို အပိုင်စီးထားသည့် အကြမ်းဖက်သမားနှစ်ဦးကို အသေဖမ်းဆီးရမိ၊ သူရဲကောင်းဆန်သည့် အပြုအမူကို လင်းပိုင်၊ မျောက်နှင့် ပုရွက်ဆိတ်များ၌ပါ တွေ့ရ၊ အမေရိကန်၌ ၁၂နှစ်နှင့် ၁၄နှစ်အရွယ် မိန်းကလေးနှစ်ဦး ဘဏ်တစ်ခုကို ဓားပြတိုက်ခဲ့၊ အိုဘားမားတို့စုံတွဲ ကြော်ငြာမော်ဒယ်လ်များဖြစ်လာ၊ သတင်းစာစက္ကူများဖြင့် ကျောင်းတစ်ကျောင်းတည်ဆောက်၊ သစ်တောများ ရှင်းလင်းရာမှ ပျောက်ဆုံးနေသည့် အမေဇုန် ယဉ်ကျေးမှုတွေ့ရှိ… စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ကဏ္ဍသစ်များ တိုးချဲ့ကာ စာမျက်နှာ ၂၄မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ယခုအပတ်တွင် စုစုပေါင်း ၆၈မျက်နှာ ပါဝင်ပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွယ်သာကီသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

နွယ်သာကီသတင်းဂျာနယ် အတွဲ (၁)၊ အမှတ်စဉ် (၂၁)ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် ကျုံးကြီးလမ်းထောင့်ရှိ ရွှေပြည်စိုးစာပေတိုက်မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။

ဆရာဦးကိုကိုလှိုင်၏ 'သူဌေးသား အကြမ်းဖက်သမား' (သတင်းဆောင်းပါး) မြန်မာစာလက်ကွက်အသုံးပြုသော Lap Top များ ပြည်တွင်းဈေးကွက်ဝင်ရောက်လာခြင်း၊ ရတနာပုံတယ်လီပို့ကို အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုအဖြစ်ဖွဲ့စည်းခွင့်ပြုပြီး ဆက်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုနေ၊ ပြည်ပကိုဆေးသွားရောက်ကုသသူများ ကြားပွဲစားများသတိထားရန်၊ မြန်မာ့အာမခံလုပ်ငန်းက လှည်းကူးမြို့နယ်ရှိ အရက်ချက်စက်ရုံ မီးလောင်မှုအတွက် မီးအာမခံအများဆုံးပေးလျော်ခဲ့ခြင်း၊ အရည်အသွေးညံ့ဖောင်းကြွပန်းချီကားများ ဈေးကွက်တွင် ရှိနေ၍ ဝယ်ယူမိသူများ နစ်နာဟုဆို၊ နိုင်ငံခြားကျောင်းများ ပညာသင်ထောက်ပံ့ကြေးပေးပြီး ဆွဲဆောင်လာ၊ အဟောင်းရောင်းသူများနှင့် ပွဲစားများ စည်းဝါးကိုက်ထားခြင်းကြောင့် TV ဝယ်ယူသူများ နားလည်တတ်ကျွမ်းသူများနှင့်ဝယ်ယူသင့်၊ လမ်းဘေးကြံရည်များသည် သန့်ရှင်းမှုအားနည်းခြင်းကြောင့် အခန့်မသင့်ပါက သောက်သုံးသူများ အူလမ်းကြောင်းကင်ဆာများဖြစ်နိုင်ခြင်း စသည့်သတင်းများအပါအဝင် ဆရာဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)ရေးသားသည့် အရည်အသွေးပြည့်ဂျာနယ်တစ်စောင် ဖန်တီးခြင်းနှင့် အရှင်သံဝရလင်္ကာရ (ဓမ္မပီယဆရာတော်)၏ ပါရမီဖြည့်ဖက်ရှေးရေစက် ဘာသာရေးဆောင်းပါးများအပါအဝင် လှေလာဖွယ်များ စုံစုံလင်လင်ဖော်ပြထားကြောင်း သိရသည်။ ***(သတင်းစဉ်)***

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပရက်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၀ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကို အောက်ဖော်ပြပါနေ့ရက်များအလိုက် ကျင်းပမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်-

ဓမ္မာစရိယ	၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃)ရက် ကြာသပတေးနေ့မှ တန်ခူးလပြည့်ကျော် (၁၂)ရက် စနေနေ့အထိ (၁-၄-၂၀၁၀)မှ (၁၀-၄-၂၀၁၀)အထိ (၄-၄-၂၀၁၀)တနင်္ဂနွေနေ့ (နားရက်)
ပထမပြန်စာမေးပွဲများ	
၁။ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ မွန်ပြည်နယ်	၁၃၇၁ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်၊ တနင်္လာနေ့မှ တန်ခူးလပြည့်ကျော် (၁)ရက်၊ အင်္ဂါနေ့အထိ (၂၂-၃-၂၀၁၀)မှ (၃၀-၃-၂၀၁၀)အထိ ၁၃၇၁ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊စနေနေ့ (၂၇-၃-၂၀၁၀)တပ်မတော်နေ့ (နားရက်) ၁၃၇၁ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက် (၂၈-၃-၂၀၁၀)တနင်္ဂနွေနေ့(နားရက်)
၂။ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ တနင်္သာရီ၊ ရခိုင်၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(အရှေ့)	၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃)ရက်၊ ကြာသပတေးနေ့မှ တန်ခူးလပြည့်ကျော် (၁၀)ရက်၊ ကြာသပတေးနေ့အထိ (၁-၄-၂၀၁၀)မှ (၈-၄-၂၀၁၀)အထိ ၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် (၆)ရက်၊ (၄-၄-၂၀၁၀)တနင်္ဂနွေနေ့(နားရက်)

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

မောင်ဇော်လတ်နှင့် မဝေသစ်လွင်တို့၏ ၁၀-၁-၂၀၁၀ ရက်တွင် Inya Lake Hotel(Pool Side) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် မင်္ဂလာဝတ်စုံဖန်တီးပေးပါသော Vera Wang မိတ်ကပ်နှင့် ဆံပင်ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှ ပြင်ဆင်ပေးပါသောလင်းလင်း၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးပါသော အင်ပါယာတေးဂီတအဖွဲ့၊ Inya Lake Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညစာစားပွဲအခမ်းအနားကို ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လတ်-မဝေသစ်လွင်။

မင်္ဂလာဦးဆုတောင်း

ကိုဇော်လတ်နှင့်မဝေသစ်လွင်တို့၏ ၉-၁-၂၀၁၀ရက် မင်္ဂလာဦး ရက်မြတ်မှသည် သက်ဆုံးတိုင် ရွှေလက်တွဲပြီး တည်တံ့ခိုင်မြဲ ပျော်ရွှင်ချမ်းမြေ့ကြပါစေ-

ကိုသောင်းဇော်ဦး
AZ ဆောက်လုပ်ရေးအဖွဲ့။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့နယ် မဟာဗန္ဓုလလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးတိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၇ရက်တွင် နံနက် ၈နာရီခွဲမှ ၁၁နာရီခွဲအထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂) ရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းငွေများကို ဦးရိုန်းယော ဖုန်း-၀၉-၅၁၈၈၄၂၂၊ ဦးကျော်သိန်း ဖုန်း-၀၉-၅၀၉၁၂၁၉၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၅၁၁၉၄၁၇၊ ဦးမြဝင်း ဖုန်း-၀၉-၉၉၂၈၈၃၀၊ ဦးခင်မောင်တင့်ရှိန် ဖုန်း-၀၉-၅၁၀၇၃၂၂၊ ဦးသိန်းဇော်-ဒေါ်ခင်ထွေးရီ ဖုန်း-၅၄၂၆၄၀၊ ၀၉-၅၁၃၅၈၁၄၊ ဒေါ်ချယ်ရီထွန်း ဖုန်း-၅၇၈၂၆၁၊ ဒေါ်ခင်အေးသာ ဖုန်း-၅၇၉၈၃၃၊ ဒေါ်ခင်စန်းလွင် ဖုန်း-၅၃၅၅၇၃၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၅၅၇၇၉၀ တို့သို့လည်းကောင်း၊ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် M-3 သို့ ကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ပြုပြင် ဆောင်ရွက်ထားရှိမှုအခြေအနေကို ဇန်နဝါရီ ၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သိသူ ဖော်စား မသိသူ ကျော်သွား
၁၀၀% အာမခံသည်
MICO Better Choice
T-Shirt = Ks 600
ကြော်ငြာ - လက်ဆောင် - အလှူမင်္ဂလာ . . . . .
အထည်ဆို မိကို ဘယ်မှာ သုံးသုံး အကောင်းဆုံး
01720526, 095141086, 099974209 / 0278983, 096800559

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဂျင်မီထွန်း ၁၀/မလမ(နိုင်) ၁၃၁၅၁၁ သည် မိဘ၏ ပြောဆိုဆုံးမခြင်းကို နာခံခြင်းမရှိသည့်အပြင် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စ အဝဝကိုမျှ မိဘအနေ နှင့်တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင် ဦးထွန်းသိန်း
၁၀/မလမ (နိုင်)၀၂၆၄၀၁
မိခင် ဒေါ်ထွေးတင်
၁၀/ မလမ(နိုင်)၀၂၆၃၉၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စန်းလင်းဇော်၏ နိုင်ငံကူးလက်မှတ် ၈၃၀၄၆၉နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၂/ကတန(နိုင်) ၁၀၀၀၃၈ တို့သည် ၁၁-၁-၂၀၁၀ ရက် မွန်းလွဲပိုင်းတွင် ပန်းဆိုးတန်းလမ်းမှ ရေကျော်လမ်းသို့အသွား Taxi ပေါ်တွင်ပျောက်ကျ ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိပါက ဆက်သွယ်၍ ပြန်ပေးပါရန်နှင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

စန်းလင်းဇော်
ဖုန်း-၂၀၂၅၈၅၊ ၃၉၆၀၇၈

ရွှေကြေးစည် - ကျိုက်ထီးရိုး (နေ့စဉ်)
▲ရွှေစက်တော်(ဖွင့်ပွဲ-အထူးနှုန်း)နှင့်လမ်းဘုရားစုံ။ ▲ရွှေစက်တော်နှင့်တွဲ၍ပုဂံ-ပုပ္ပားခရီးစဉ်။
▲မန္တလေး-ပြင်ဦးလွင်-မုံရွာ ခရီးစဉ်။ ▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ ခရီးစဉ်။
▲ရခိုင်-မြောက်ဦး-စစ်တွေခရီးစဉ် Jan 15, 17 နှင့်အပတ်စဉ်အင်္ဂါ၊ သောကြာ
▲အလောင်းတော်ကဿပသီးသန့်(၄)ရက်။ လပြည့်အဝိ Jan 27 ရွှေစက်တော်နှင့်(၅)ရက်။
ပုဂံ-ပုပ္ပားနှင့်(၇)ရက်။▲မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ(အလောင်းတော်ကဿပ)(၇)ရက်။
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ (၅)ရက်။ ▲(မန္တလေး၊ မူဆယ်၊ ရွှေလီ)
▲(ဇလွန်) (ပုသိမ်-မော်တင်စွန်း) (ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ ဇွဲကပင်၊ လပိုတောင်)
၁၂၄၊ ပန်းဆိုးတန်းလမ်း ☎240860/ 372290 ၂၇၃၊မင်းနန္ဒာလမ်းမကြီး၊ဒေါပုံ။

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဆေးပစ္စည်းကိရိယာဝယ်ချင်ရင်
ဝိရိယ
ဆိုင်ကို လာ သာ လာ ခဲ့ပါ။
ဆိုင်အမှတ်(၆၁၆)၊စတုတ္ထထပ်၊
မင်္ဂလာဈေး၊ရန်ကုန်မြို့။
☎ 09-5199570

ကုန်စည်ပြပွဲကျင်းပမည်
မုံရွာမြို့ ၂၇-၁-၂၀၁၀ မှ ၃၁-၁-၂၀၁၀
ကလေးမြို့ ၄-၂-၂၀၁၀ မှ ၈-၂-၂၀၁၀
ရေဦးမြို့ ၁၂-၂-၂၀၁၀ မှ ၁၆-၂-၂၀၁၀
ရွှေဘိုမြို့ ၂၀-၂-၂၀၁၀ မှ ၂၄-၂-၂၀၁၀
ရွှေခြင်္သေ့ ဖုန်း - ၀၉-၅၀၃၁၆၆၀၊ ၀၉-၅၁၇၃၀၇၆၊ ၀၉-၅၄၀၄၉၈၈၊ ၆၃၆၅၀၉၊ ၃၇၁၈၀၀ လိုင်းခွဲ-၃၉၄၊ ၄၀၈။

တက္ကသိုလ်များ အခြေခံမြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၁

အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် တက္ကသိုလ်မြားပစ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် တက္ကသိုလ်များ အခြေခံမြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်း သင်တန်းဖွင့်ပွဲကို ယနေ့ညနေ ၃နာရီက ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး(**အပေါ်ပုံ**)က အမှာစကားပြောကြားပြီး တက္ကသိုလ်များ မြားပစ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)က သင်တန်းအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တို့မှ သင်တန်းသား ၄၄ဦး၊ သင်တန်းသူ ၆၃ဦး စုစုပေါင်း၁၀၇ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၁ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ဖြစ်သည်။ **(မြန်မာ့အလင်း)**

သာကေတမြို့နယ် ၂/ရပ်ကွက် (မြောက်ပိုင်း) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် အရန်မီးသတ်တပ်ဖွဲ့ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက်က အဆိုပါရုံးရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ကိုကိုကြီး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

ပုလဲမြို့နယ် တောင်ပိတောက်ကုန်းကျေးရွာ အထက်တွဲ ပညာရည်ချွန်ဆုပေးပွဲကျင်းပ၊ အလှူငွေပေးအပ်

ပုလဲ ဇန်နဝါရီ ၁၁

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပုလဲမြို့နယ် ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု တောင်ပိတောက်ကုန်းကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ကျောင်းအကျိုးတော်ဆောင် နာယက ဦးစန်းဦးတို့က အဖွင့် အမှာစကား ပြောကြားကြသည်။

လှူဒါန်း

အခမ်းအနားတွင် အနာဂတ်နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်၊ စာပေနှင့်ယဉ်ကျေးမှု၊ အနာဂတ်ပညာရေးမျှော်မှန်းချက် အကြောင်းအရာများကို တာဝန်ရှိသူများက ဟောပြောဆွေးနွေးကြသည်။ ဆက်လက်၍ အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် တောင်ပိတောက်ကုန်းကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ခြံဝင်း တိုးချဲ့ဝယ်ယူရန်အတွက် မန္တလေးမြို့နေ အလှူရှင် ဦးမြင့်စန်း-ဒေါ်ပွားပွားကိုယ်စား အလှူရှင် ဖခင် ဦးဘိုသောင်းက အလှူငွေကျပ် ၃၅သိန်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်တို့က လက်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်မြို့နယ်အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက်က ကျင်းပရာ တတိယတန်း(ဂ)မှ ပထမဆုရရှိသော မောင်ဝေယံထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမုန်က ဆုချီးမြှင့်စဉ်။ (၁၂၈)

သန်လျင် စည်ပင်သာယာ လမ်းဖြတ်မြောင်းကူးတံတားများ တည်ဆောက်

သန်လျင် ဇန်နဝါရီ ၁၁

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇန်နဝါရီ ၈ ရက်က အောင်ချမ်းသာရပ်ကွက် ဘုရင့်နောင်လမ်း လမ်းဖြတ်မြောင်းကူးတံတားကို တည်ဆောက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းနှင့်အဖွဲ့ တည်ဆောက်နေသော လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ကမ္ဘာ့တန်ဖိုးအကြီးဆုံး မော်တော်ဆိုင်ကယ်

ဂျာမနီနိုင်ငံ လူဘက်မြို့၌ ဆန်းရေ့ယတ်စ်ကုမ္ပဏီမှ ပြုလုပ်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၂ဒသမ ၆၆သန်းဖြစ်ရာ ကမ္ဘာပေါ်တွင် တန်ဖိုးအကြီးဆုံး မော်တော်ဆိုင်ကယ် အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ)*** ***(အင်တာနက်)***

နံနက်စာ အများဆုံး စားနိုင်သူ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ အသက် (၂၁)နှစ်အရွယ် အဒမ်ကလီဖို့ဒ်အမည်ရှိ လူငယ်တစ်ဦးသည် နံနက်စာအဖြစ် အသားညှပ်ပေါင်မုန့်၊ သစ်သီး၊ ဖျော်ရည် စသည့် အစားအစာများကို နေ့စဉ် ၇ဒသမ၇ပေါင်ကုန်အောင် စားသုံးနိုင်သဖြင့် ကမ္ဘာပေါ်တွင် နံနက်စာအများဆုံး စားသုံးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)

(အင်တာနက်)

ရေခဲထဲ၌အကြာဆုံးနေထိုင်သူအဖြစ် ကမ္ဘာ့စံချိန်တင်

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ အသက်(၂၈)နှစ်အရွယ်ရှိ အစ္စရေးမျက်လှည့်ဆရာ ဟေဇီဒင်းသည် အလေးချိန်ရှစ်တန်ရှိသည့် ရေခဲတုံးထဲတွင် သူ့ကိုပြန်ခေါ်ယူရသည်အထိ ၆၄နာရီကြာမျှနေထိုင်ကာ အပူချိန် သုညဒီဂရီစင်တီဂရိတ်အောက်ရောက်နေသည့် ကုဗပုံရေခဲတုံးထဲတွင် အချိန်အကြာဆုံးနေနိုင်သူအဖြစ် ကမ္ဘာ့စံချိန် ကို ချိုးလိုက်နိုင်ကြောင်း သိရသည်။ ***(အောက်ပုံ)***

ဟေဇီဒင်း(၂၈)နှစ်သည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ရာဘင်ပန်းခြံ၌ အထူးပြုလုပ်ထားသည့် ဖောက်ထွင်း မြင်ရလောက်အောင် ကြည်လင်သော ထိုရေခဲတုံးထဲသို့ မိမိဖာသာမိမိအလုံပိတ်ပြီး ဝင်အောင်းနေခဲ့သည်။ ယင်းရေခဲတုံးထဲတွင် ဂျင်းအကျႌနှင့် တီရှပ်ပါးပါးကိုဝတ်၍ သုံးရက်နီးပါးဝင်နေခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဘဝဒဿန

- **If you know your own mind, you know enough to keep it always Positive.**
  အကယ်၍ သင့်စိတ်ကို သင်သိသည်ဆိုပါက သင့်စိတ်ကို အမြဲတမ်းအကောင်းမြင် အပြုသဘော ဆောင်နေအောင် ထားရှိသင့်ကြောင်း သင်သိပါလိမ့်မည်။
- **Instead of complaining of that which you don't like about your job, start commending that which you do like and see how quickly your job will improve.**
  သင့်အလုပ်နှင့်ပတ်သက်၍ သင်မကြိုက်သောအချက်များကို မကျေမနပ်ပြောဆိုနေမည့်အစား သင်ကြိုက် နှစ်သက်သည့်အချက်များကို စတင်၍ ချီးကျူးစကားပြောဆိုမည်ဆိုပါက သင့်အလုပ်သည် သွက်လက်စွာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပါလိမ့်မည်။ **နပိုလီယံဟီးလ်**

နိုင်ငံတကာမှုခင်း

ဆွေ - ရေးသားသည်

ဇနီးမယားအပေါ်ထားတဲ့ အာဃာတတဲ့လား

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး…"

ဤသည်ကား ဖြစ်ရိုးဖြစ်စဉ် သဘာဝနိယာမတရားပေတည်း။

လူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံးသည် ဤ သဘာဝနိယာမတရားကို ရှောင်လွှဲရန် ခက်လှပါဘိ။

ပဋိသန္ဓေနေချိန်မှစ၍ မရဏကာလသေဆုံးချိန်အထိ သက်ရှိဘဝတွင် ရှန်းကန် လှုပ်ရှား ကြီးပြင်းရစမြဲပါ။ ကြောင်းကျိုးဆက်နွှယ်မှုတရား၏ အဆုံးအဖြတ်ကို လက်ခံ ရစမြဲပါ။

သို့ရာတွင် မည်သို့ပင်ဖြစ်စေကာမူ အထူးသဖြင့် မွေးဖွားလာချိန်မှစ၍ အိုမင်း ရင့်ရော်သည်အထိ မိမိတို့ဘဝဆိုင်ရာ တာဝန်ကို ထမ်းဆောင်ရပါ၏။ ကောင်းသည်တို့ကို စံစားကြရသကဲ့သို့ ဆိုးသည်တို့ကိုလည်း ခံစားကြရမြဲပင်။ လောကဓံတရားကို မရှောင် လွှဲနိုင်၊ ရှောင်လွှဲမရ။

ဤနေရာတွင် အဓိကညွှန်းလိုသည်မှာ နှမြောဖွယ်ရာကောင်းလှသည့် ကလေးငယ် ဘဝ။ အထူးသဖြင့် လူ့ဘဝကို ရောက်လာခါစ ကလေးငယ်ဘဝ။

ထိုကလေးငယ်တို့သည် ဘဝဖြစ်စဉ်အတိုင်း လျှောက်လှမ်းခွင့်ရကြမည်ဆိုလျှင် တစ်ချိန်တွင် လူမှုတာဝန်ကို ထမ်းဆောင်ကြရပေဦးမည်။ လူ့အဖွဲ့အစည်း၏ တာဝန်ကို ထမ်းရွက်ရဦးမည်။ ယုတ်စွအဆုံး မိသားစုတာဝန်ကိုမူ မလွှဲမသွေ ထမ်းရွက်ရဦးမည်။ ထိုမှတစ်ဆင့်တက်လျှင် ဆွေမျိုးအသိုင်းအဝိုင်းတာဝန်၊ တစ်ဆင့်ထပ်တက်လျှင် ရပ်ရွာ တာဝန်၊ နောက်တစ်ဆင့်ထပ်တက်လျှင် မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံအဆင့်ဆင့် တာဝန် တွေကို သယ်ပိုးရပေဦးမည်။ ကုန်ကုန်ပြောရလျှင် တစ်ကမ္ဘာလုံး၏တာဝန်ကိုပင် ယူလာ ရနိုင်သည်။ သူ့အရည်အချင်းအလိုက် ဖြစ်လာနိုင်တာတွေလေ။

ဤသို့ဆိုလျှင် အနာဂတ်တွင် လူကြီးဖြစ်လာနိုင်သည့် ကလေးငယ်တို့၏ နှမြောစရာ အဖိုးတန်ဘဝကို အတိုချုံး၍ပြချင်လွန်းလို့ မလွှဲသာ၍ စကားရှည်လိုက်မိခြင်းပါဗျာ။

သို့သော် လူတချို့က ကလေးငယ်တို့၏တန်ဖိုးကိုမသိကြ။ အဖိုးအနဂ္ဃတန်သည် ဆိုသည်ကိုလည်း နားမလည်ကြ။ ကော်ပတ်ရုပ်လောက်ပင် သဘောမထားကြ။ တချို့များဆိုလျှင် ရွံ့တုံးရွံ့ခဲလို မြင်နေကြဟန်တူပါရဲ့။

သည်လိုလူစားမျိုးကရွံစရာ။ တကယ်ရွံစရာ။ ခေါ်ထူးမေးပြောလုပ်ဖို့မပြောပါနှင့် အသံလောက်ပင် မကြားချင်စရာဘဲနော်။

သည်လောက်စကားပလ္လင်ခံပြီး နိဒါန်းပျိုးနေရခြင်းမှာ ဘရာဇီးနိုင်ငံသားတစ်ဦးအကြောင်းသိစေချင်လို့၊ အသိပေးချင်လို့။

ပေါက်ပေါက်ရှာရှာဟု ဆိုချင်လည်းဆိုတော့။

သည်ဘရာဇီးနိုင်ငံသားက သူ့ဇနီးကိုမကျေနပ်၍ သူ့ချစ်သူဟုတင်စားခေါ်ရမည့် အမျိုးသမီးတစ်ဦးနှင့်ပူးပေါင်းပြီး သူ့မယားပါသားကို သတ်ဖို့ ကြံသည့်အကြံ။

အာဃာတရှိလို့ပါတဲ့ဗျာ။

ဝန်ခံပြောကြား

မိမိသည် အသက်နှစ်နှစ်သားအရွယ် မိမိ၏မယားပါသားကို ချုပ်အပ်သုံးဒါဇင်နီးပါးဖြင့် အသားထဲထိုးသွင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ထိုးသွင်းခဲ့ရခြင်းမှာ မိမိဇနီးဖြစ်သူကိုမုန်းတီးပြီး တမင်သက်သက်လုပ်ပြရန် ထိုကလေးငယ်ကို သတ်ပြချင်စိတ်ရှိနေသောကြောင့်ဖြစ်ကြောင်း အကျဉ်းချခံနေရသော ဘရာဇီး နိုင်ငံသားတစ်ဦးက ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဝန်ခံပြောကြားခဲ့သည်။

ထိုကလေးငယ်ကို ဝိုင်အရက်ရောထားသော ရေထဲတွင် မေ့ဆေးခတ်ပြီးတိုက်ကျွေးခဲ့ရကြောင်း၊ ထို့နောက် ထိုကလေးငယ်၏ ခန္ဓာကိုယ်ထဲသို့ ချုပ်အပ်များထိုးထည့်ခဲ့ကြောင်း၊ အပ်များထိုးထည့်ချိန်တွင် ကလေးငယ်ကို မိမိ၏ချစ်သူ လက်မထပ်ဘဲအတူနေသည့် တိတ်တိတ်ပုန်းမယားဖြစ်သူက ချုပ်နှောင်ပေးထားကြောင်းဖြင့်လည်း အဆိုပါဘရာဇီးနိုင်ငံသားက အကျဉ်းကျနေရာမှနေ၍ရှင်းပြသည်။

ကလေးငယ်၏ ခန္ဓာကိုယ်အတွင်းသို့ အပ်များထိုးသွင်းခဲ့သည့် ဘရာဇီးနိုင်ငံသားသည် ထိုကလေးငယ်၏ ပထွေးဖြစ်၏။ အသက် ၃၀အရွယ်ဖြစ်၏။ ပန်းရန်သမားတစ်ဦးဖြစ်၏။ သူ့အမည်က ရောဘတ်တိုကာလို့စ် မာဂါဟေးဖြစ်၏။

မိမိသည် တစ်လအတွင်း ရက်သတ္တတစ်ပတ်လျှင် ထိုနည်းအတိုင်း နှစ်ကြိမ် သုံးကြိမ်ပြုလုပ်ခဲ့ပါသည်ဟုလည်း မာဂါဟေးကဆက်လက်ပြောပြသည်။

မာဂါဟေးက ဂလိုဘိုရုပ်မြင်သံကြား ဖန်တက်စတီကို တနင်္ဂနွေနေ့အစီအစဉ်သို့ ဘရာဇီးနိုင်ငံမြောက်ပိုင်း ဘာဟီးယားပြည်နယ်ရှိ အကျဉ်းထောင်မှနေ၍ ရှင်းပြခဲ့ခြင်းဖြစ်၏။

ဝေဒနာခံစားရ

ထိုကလေးငယ်သည် ဝိုင်အရက်ရောထားသော မေ့ဆေးရေကိုသောက်ပြီး အလွန်အကျွံမူးနေသဖြင့် အပ်ချောင်းများ အသားထဲသို့ ထိုးထည့်ခံရချိန်တွင် မငိုနိုင် မအော်နိုင်ဘဲဖြစ်နေကြောင်း၊ သို့ရာတွင် အမူးပြေသွားချိန်၌ မခံမရပ်နိုင်အောင်နာကျင်လှသည့် ဝေဒနာကို ခံစားနေရသည်ဟု မိမိထင်ကြောင်းဖြင့်လည်း မာဂါဟေးက ပြန်ပြောင်းရှင်းပြသည်။

ကလေးငယ်သည် အမူးပြေချိန်တွင် အပ်ထိုးခံရသည့်ဝေဒနာကို လူးလိမ့်ခံစားရကြောင်း၊ ကလေး၏မိခင်ကို ဂလဲ့စားချေလိုသောကြောင့် ယင်းကဲ့သို့ ပြုမူခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိထိုးထည့်လိုက်သော အပ်ချောင်းများသည် ကလေး၏ခန္ဓာကိုယ်ထဲသို့ ရောက်သွားသည်ဟုယူဆရကြောင်း၊ ကလေးငယ်၏ အသားထဲသို့ ချုပ်အပ်များထိုးသွင်းခြင်းဖြင့် ကလေးငယ်သေဆုံးသွားမည်ဟုလည်း မိမိထင်မြင်ကြောင်း၊ ထိုနည်းသည် မည်သူမျှမသိအောင် သတ်သည့် နည်းဖြစ်ကြောင်း မာဂါဟေးကပြောပြသည်။

သို့သော် အသားထဲသို့ ချုပ်အပ်အထိုးခံရသည့်ဝေဒနာသည် တွတ်တီးတွတ်တာ လမ်းလျှောက်တတ်ခါစကလေးငယ်ကို လုံးဝ အ မသွားစေနိုင်ပါ။ သူ၏ဝေဒနာကို မိခင်ဖြစ်သူအား ပြန်ပြောပြနိုင်လာပါ၏။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၀ရက်တွင် မိခင်ဖြစ်သူက ထိုကလေးငယ်ကို ဆေးရုံတင်လိုက်ရသည်။ ဆေးရုံတွင် ဆရာဝန်များက ဓာတ်မှန်ရိုက်ကြည့်ရာ ကလေးငယ်၏ ခန္ဓာကိုယ်အနှံ့အပြား၌စိုက်ဝင်နေသည့် အပ်ချောင်း ၃၀ ခန့်ကို တွေ့ရှိရသည်။

ထိုကလေးငယ်သည် ဘရာဇီးနိုင်ငံမြောက်ပိုင်း ဆာလ်ဗေဒိုဆေးရုံ၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ငါးနာရီကြာ ခွဲစိတ်ကုသခံရသည်။ ထိုသို့ခွဲစိတ်ကုသရာ၌ သံချေးတက်နေသော အပ်ချောင်းလေးချောင်းကို ဖယ်ထုတ်လိုက်ရသည်။ ထိုသံချေးတက်အပ်ချောင်းများသည် ကလေးငယ်ကို အသက်အန္တရာယ်ပြုနိုင်သည်။ အပ်ချောင်းများကို ကလေးငယ်၏ နှလုံးနှင့်အဆုတ်နားတွင် တွေ့ရှိရခြင်းဖြစ်သည်။

ကလေးငယ် နေကောင်းတော့မည်ဖြစ်ကြောင်း၊ နောက်ထပ်ခွဲစိတ်ကုသမှု နှစ်ကြိမ်ပြုလုပ်သွားရဦးမည်ဖြစ်ကြောင်း၊ နောက်ပိုင်း ခွဲစိတ်ကုသမှု ပြုလုပ်ရာတွင် ဝမ်းဗိုက်နှင့်ကျောပြင်၌ နှစ်လက်မ(ငါးစင်တီမီတာ) ရှည်သည့်အပ်ချောင်းများကို နုတ်ယူရမည်ဖြစ်ကြောင်းလည်း ဆရာဝန်များကပြောပြသည်။

အပ်ချောင်းများထိုးစိုက်ခံရသည့် ကလေးငယ်၏အခြေအနေကို သိရှိနိုင်ရန် ဘရာဇီးနိုင်ငံအနှံ့အပြားမှ လူရာပေါင်းများစွာက ဆေးရုံကိုဆက်သွယ်ပြီး စုံစမ်းမေးမြန်းစနည်းနာကြသည်ဟု အင်နာနေရီဆေးရုံမှ ပြောခွင့်ရအမျိုးသမီး ဆူဇီမိုရီနိုက ပြန်ပြောပြသည်။

ခရစ္စမတ်လက်ဆောင်ပေးရန် ဆေးရုံသို့ရောက်လာကြသူများကလည်းအများအပြား ….။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်ရသူများလည်း အမြောက်အမြားဟု အဆိုပါပြောရေးဆိုခွင့်ရ အမျိုးသမီးက ကရုဏာသံဖြင့် ပြောပြသည်။

လက်စားချေ

မာဂါဟေးနှင့်အတူ မာဂါဟေး၏ချစ်သူ လက်မထပ်ဘဲအတူနေသည့် တိတ်တိတ်ပုန်းမယား၊ အပျော်မယားဟု ရဲများကယူဆသော အာဂျီလီနာရီဘေရို ဒို့စ်ဆန်တို့စ်တို့က မာဂါဟေး၏ဇနီးဖြစ်သူကို အာဃာတထား လက်စားချေရန် ကြိုးစားပုံရသည်ဟုလည်း ရဲများက ယူဆထားသည်။

ဒို့စ်ဆန်တို့စ်သည် မိမိအားအိပ်မွေ့ချပြီး ကလေးငယ်၏အသားထဲသို့ ချုပ်အပ်များထိုးထည့်ရန် ညွှန်ကြားပေးခဲ့သည်၊ အကြံပေးခဲ့သည်ဟု ပန်းရန်သမား မာဂါဟေးက စုံထောက်များအားပြောပြကြောင်း ရဲအုပ်ဟယ်လ်ဒါဖာနန်ဒက်ဆန်တာနာက ပြောပြသည်။

ထိုသို့သောအခြေအနေကြောင့် ပန်းရန်သမားမာဂါဟေးနှင့် ဒို့စ်ဆန်တို့စ်နှစ်ဦးစလုံးကို ရဲတပ်ဖွဲ့ကဖမ်းချုပ်ထားလိုက်သည်။ သို့ရာတွင် တရားစွဲဆို ခြင်းမပြုရသေး။ သူတို့နှစ်ဦးစလုံးကို ချုပ်နှောင်ထားသည့် ရဲစခန်းသို့ လူအုပ်တစ်အုပ်ကဝိုင်းလာပြီး ရဲစခန်းကို ခဲများဖြင့်ပစ်ပေါက်ကြသဖြင့် သူတို့နှစ်ဦး၏ လုံခြုံရေးအတွက် ပြောင်းရွှေ့နေရာချထားလိုက်ရသည်။

မာဂါဟေး၏ အပျော်မယား ဒို့စ်ဆန်တို့စ်သည် မည်သည့်ဘာသာကိုမျှ မယုံကြည်သူ၊ ကိုးကွယ်သည့်ဘာသာမရှိသူဟု ယူဆရကြောင်း၊ မည်သည့် လောကီပညာကိုမျှ လက်ခံသူလည်းမဟုတ်ဟု ယုံကြည်ရကြောင်း၊ ထိုစုံတွဲသည် သူတို့ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ယင်းကဲ့သို့လုပ်ဆောင် ကြခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များက ယုံကြည်ကြပါသတဲ့။

အသက်ငယ်ရွယ်လွန်းသည့် ကလေးငယ်၏အသက်အရွယ်ကို ထောက်ထားစာနာသောအားဖြင့် ကလေးငယ်၏အမည်ကိုမူ ထုတ်ဖော်ပြောကြား ခြင်းမပြုဘဲထားကြောင်းပါ။ ။

ကိုးကား-အင်တာနက်

ကလေးငယ်သည် ဝိုင်အရက်ရောထားသော မေ့ဆေးရေကိုသောက်ပြီး အလွန်အကျွံမူးနေသဖြင့် အပ်ချောင်းများ အသားထဲသို့ ထိုးထည့်ခံရချိန်တွင် မငိုနိုင် မအော်နိုင်ဘဲဖြစ်နေ၊ အမူးပြေသွားချိန်၌ မခံမရပ်နိုင်အောင် နာကျင်လှသည့် ဝေဒနာကို ခံစားနေရ။

စာဆိုတော်နေ့ အထိမ်းအမှတ် ညောင်လေးပင်၌ စာပေဟောပြော

ညောင်လေးပင် ဇန်နဝါရီ ၁

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ၁၃၇၁ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီက ညောင်လေးပင်မြို့ Y.M.B.A ရုပ်ရှင်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် စာရေးဆရာမ ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မြင့်သန်းထံသို့ သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ဝဲပုံ)**

စာပေဟောပြော

ဆက်လက်၍ စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာ နန္ဒာသိန်းဇံ၊ စာရေးဆရာမ ယဉ်မင်းဦး (ဆေးတက္ကသိုလ်)နှင့် ဒါရိုက်တာကြည်စိုးထွန်းတို့က စာပေရေးရာများ ဟောပြောကြောင်း သိရသည်။

(စာပေနှင့်စာနယ်ဇင်း)

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံ ပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၉ရက်က အဆိုပါ ကျောင်းခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ပထမဆုရ မောင်သက်ထူးအောင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

တီးတိန် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

တီးတိန် ဇန်နဝါရီ ၃

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ ၂၈ရက်က စာဖတ်ဝိုင်း ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က စာဖတ်ဝိုင်းကျင်းပရခြင်းအကြောင်းဆွေးနွေးပြီး စာထောက်-၃ ဒေါ်လျန်းဒိုးကျိန်က ဒီဇင်ဘာ ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ချမ်းမြအေး၏ စိတ်ရင်းစေတနာမှန်ပြီး ရိုးသားမယ်ဆိုရင် ဆောင်းပါးကို လည်းကောင်း၊ စာရေးဒေါ်ဇင့်ခန့်အွပ်က ဒီဇင်ဘာ ၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးရှင် မောင်ရွှေနီ၏ အကောင်းဆုံးသောမူဝါဒ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

စိစစ်ရေးကတ်ပြားများ ကိုကိုးကျွန်း၌ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်မှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီက ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကိုကိုးကျွန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများတက်ရောက်ကြပြီး ရန်ကုန်တိုင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀အား ပြည်သူများသို့ ပေးအပ်ခဲ့သည်။ (တိုင်းလဝက)

ဇီးကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ဇီးကုန်း ဇန်နဝါရီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၀ရက် မွန်းလွဲ ၁နာရီက ဇီးကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မင်းသွေးနွယ်(ဇီးကုန်း)က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို သုရိန်ဝင်း(ဇီးကုန်း)ကလည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာကို မိုးကျော်(ဇီးကုန်း)က လည်းကောင်း ဖတ်ကြားတင်သွင်းရာ တက်ရောက်လာကြသည့်အဖွဲ့ဝင်များက ဆွေးနွေး အတည်ပြုကြသည်။

ရွေးချယ်

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ကျင်းပရာ ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင်ဦးညွန့်စိုးက ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်ရှင်းလင်းချက်များကို ပြောကြားပြီး တက်ရောက်လာသည့်အဖွဲ့ဝင်များက ဥက္ကဋ္ဌမင်းသွေးနွယ်(ဇီးကုန်း)၊ အတွင်းရေးမှူး အေးဆွေ(ပန်းတောင်း) တို့ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ် တင်မြှောက်ကြသည်။ ***(စာပေနှင့်စာနယ်ဇင်း)***

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်ခန်းမ၌ ဝန်ထမ်းများ လုပ်ငန်းခွင်သင်တန်း(ဌာနတွင်း) အမှတ်စဉ် (၁/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်က ကျင်းပရာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဒီဇင်ဘာ၂၂ရက်က(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် မင်းတုန်းမြို့နယ် ပန်းကုန်းအုပ်စုလိပ်ကုန်းကျေးရွာ နေဝန်းနီ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းနှင့် အုပ်စုဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြေယာရှုခင်းအလှ

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့ ပခုက္ကူမြို့ မြကန်သာပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးသက်ပိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်နီနီအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံ၌ ကျေးရွာစာကြည့်တိုက်ဆောက်လုပ် သတ်မှတ်ရက်အတွင်း ပြီးစီးရေး ဆွေးနွေး

ကျိုင်းတုံ ဇန်နဝါရီ ၂

ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဟိုခိုကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော လိုတရ စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မှုကို ဒီဇင်ဘာ ၂၂ရက်က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ ဒုတိယဦးစီးမှူး ဦးအေးမောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းဆိုက်ကျောက်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် အဖွဲ့သည် စာကြည့်တိုက်ဆောက်လုပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက်ကို သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးရေး ရှင်းလင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)



မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၆ရက်က မြို့မဈေးကြီး၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ဆားလင်းကြီး၌ ဆုပေးအပ်ချီးမြှင့်

ဆားလင်းကြီး ဒီဇင်ဘာ ၃၀

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့်ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၁ရက် နံနက်၁၀နာရီက ဆားလင်းကြီးမြို့ အထက ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ဆွေဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ရှောင်ကြဉ်ရေးကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းကလည်းကောင်း၊ ဒုတိယဆုကို မြို့နယ်ဆရာဝန် ဒေါက်တာ ခင်ခင်ထွန်းက လည်းကောင်း၊ တတိယဆုကို ဆားလင်းကြီး အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က လည်းကောင်း ဆုများချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ သဲကုန်း၌ဟောပြော

သဲကုန်း ဇန်နဝါရီ ၁

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဟောပြောပွဲကို ဒီဇင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီက ညောင်ကုန်းအုပ်စုအင်ပင်လှကျေးရွာ အလကကျောင်းခန်းမ၌ကျင်းပရာ ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က လွတ်လပ်ရေးနှင့် မောင်တို့မယ်တို့ တာဝန်ယူခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးအေးနိုင်က သီချင်း ကဗျာများကပြောသော လွတ်လပ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူးဦးနိုင်လင်းက ကိုယ်ပိုင်အတွေးနှင့်ရေးထိုးရမည့် အနာဂတ်ကမ္ဘည်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

ထီးချိုင့် အထက ကျောင်းသားဟောင်းများ ပထမအကြိမ်အာစရိယပူဇော်ပွဲ

ထီးချိုင့် ဇန်နဝါရီ ၇

ထီးချိုင့်မြို့ အထက ကျောင်းသားဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို စိန်ရတုကျောင်းဆောင်ရှေ့၌ ဒီဇင်ဘာ ၂၇ရက် နံနက်၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ဦးစိန်ညွန့်က ပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်း ဆရာဦးငြိမ်းဝင်းက ပူဇော်ပွဲရန်ပုံငွေအတွက် မတည်အလှူရှင်အမည်စာရင်းများကိုဖတ်ကြားတင်ပြသည်။

ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီး ၆၅ဦးတို့အား ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးငြိမ်းနှင့် ဆရာကြီးဦးထွန်းရှိန်တို့က သြဝါဒစကားများ ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သရက်ချောင်းအထက ပညာရေးစုံညီပွဲတော်ကျင်းပ

လက်ပံတန်း ဇန်နဝါရီ ၉

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် သရက်ချောင်းကျေးရွာ သရက်ချောင်းအစိုးရအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ဆုပေးပွဲနှင့် တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးမြအောင်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့က အမှာစကားပြောကြားကြပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ကဗျာဆရာပြင်စည်အောင်၊ စာရေးဆရာမြချစ်(ရွှေတောင်)နှင့် စာရေးဆရာသာရဝေါစိုးကြည်တို့က ကဗျာ၊စာပေမှတ်သားဖွယ်ရာများကို ဟောပြောပြီး အကော်ဒီယံအုန်းကျော်က တေးသီချင်းများဖြင့် သီဆိုဂုဏ်ပြုသည်။ **(မြန်မာ့အလင်း)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ကိုင်း၌ ဟောပြောပွဲကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၉

စစ်ကိုင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မိုး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနဦးစီးမှူးဦးလေးနိုင်၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ ဒုတိယမြို့နယ်မှူး ရဲအုပ်မြင့်သော်တို့သည် ဒီဇင်ဘာ ၂၄ရက် နံနက်က စစ်ကိုင်းမြို့ အစိုးရနည်းပညာ ကောလိပ် ရတနာခန်းမ၌ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား မော်တော်ဆိုင်ကယ်များ အန္တရာယ်ဖြစ်မှု လျှော့နည်းကျဆင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

သံတွဲ ဇန်နဝါရီ ၉

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သြဘာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြတ်ကျော်နှင့် အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**အဆိုပါလမ်းကို ခွင့်ပြုငွေကျပ်၄၅သိန်းဖြင့် ဖောက်လုပ်ထားပြီး အရှည်ပေ ၅၆၀၊ အကျယ်၁၂ပေရှိကာ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်း ပြင်ဆင်ခြင်း လုပ်ငန်းခွင်သို့ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖေဝင်းသူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ပါလောင်း-ညောင်ပင်သာ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်နေခြင်းကို ဒီဇင်ဘာ ၂၃ရက်က အမှုဆောင်အရာရှိ ဦးစောသီဟ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးစုံညီပွဲတော် ရေနံချောင်း အထက(၁)၌ ကျင်းပ

ရေနံချောင်း ဇန်နဝါရီ ၉

ရေနံချောင်းမြို့နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းတင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ အနာကြီးရောဂါ ကင်းဝေးရေး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် တိုက်ဖျက်ရေးနေ့၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်၊ ကူးစက်ရောဂါတိုက်ဖျက်ရေး၊ (၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ခေါင်းစဉ်တို့ဖြင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသော ဧည့်သည်များက ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းပေါက်များ ပြုပြင်ဖာထေး

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် မြို့တွင်းလမ်းပေါက်များ ပြုပြင်ဖာထေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၂၄ရက်က အမှုဆောင်အရာရှိ ဦးကျော်စွာလင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်နည်း-၁၊ နည်းဥပဒေ-၈)

ကချင်ပြည်နယ်တရားရုံးတော်၌

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၇၀

ခရစ်တော်၏အသင်းတော် ၎င်း၏ကိုယ်စားလှယ်များ- (၁) သိက္ခာတော်ရဆရာဦးရှိခွန်းဖုန်ရမ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ခရစ်တော်၏အသင်းတော် ကော်မတီ ခေတ္တ၊ အမှတ်(၂၁၁)မြေမြင့် ရပ်ကွက်၊ မြစ်ကြီးနားမြို့။ (၂) သိက္ခာတော်ရဆရာဦးရင်ထန်ဖုန် အဖွဲ့ဝင်(ပူတာအိုဇုန်တာဝန်ခံ) မြန်မာနိုင်ငံခရစ်တော်၏ အသင်းတော်ကော်မတီ ခေတ္တ၊ အမှတ်(၂၁၁)မြေမြင့်၊ မြစ်ကြီးနားမြို့။	**နှင့်**	၁။ ဆရာဦးအာရောင်ဖုန် အမှတ်(၄/၅၂၁)လေယာဉ်ကွင်းရပ်၊ ပူတာအိုမြို့။ ၂။ ဆရာဦးယောရဲ့ဆား အမှတ်(၄/၅၂၁)လေယာဉ်ကွင်းရပ်၊ ပူတာအိုမြို့။ ၃။ ဆရာဦးဖုန်ဇီဒီး အမှတ်(၄/၅၂၁)လေယာဉ်ကွင်းရပ်၊ ပူတာအိုမြို့။ ၄။ ဦးဆရက်ဂျုံ အမှတ်(၄/၅၂၁)လေယာဉ်ကွင်းရပ်၊ ပူတာအိုမြို့။ ၅။ ဆရာဦးတမိုင်ဖုန်ဆားရ် အမှတ်(၄/၅၂၁)လေယာဉ်ကွင်းရပ်၊ ပူတာအိုမြို့။ ၆။ ဆရာဦးတတုန်းဖုန်ဆားရ် အမှတ်(၆၇)ထွယ်ဆန်ရပ်၊ တပ်ကုန်း၊ မြစ်ကြီးနားမြို့။ ၇။ ဆရာဦးမဖန်းဒီးဆားရ် အမှတ်(၄/၅၂၁)လေယာဉ်ကွင်းရပ်၊ ပူတာအိုမြို့။ ၈။ ဆရာဦးငွါးဒီးဆီ အမှတ်(၁၄၃)လုံးစွတ်ရပ်ကွက်၊ ပူတာအိုမြို့။
တရားလိုများ		**တရားပြိုင်များ**

"ခရစ်တော်၏အသင်းတော် ပိုင်ဆိုင်ပစ္စည်းများလက်ရောက်ရလိုမှု"

အဆိုပါအမှုတွင် တရားလိုအဖြစ်သော်လည်းကောင်း၊ တရားပြိုင်အဖြစ်သော်လည်းကောင်း ပါဝင်လိုသူများသည် ဤရုံးတော်သို့ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၁၄ရက်)နံနက် ၁၀နာရီအချိန်တွင် လာရောက်လျှောက်ထားနိုင်ကြောင်း ကြော်ငြာလိုက်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တူးဂျာ
ပြည်နယ်တရားသူကြီး
ကချင်ပြည်နယ်တရားရုံး။

ဦးစောကိုရဲသန်း ၁၂/အစန(နိုင်)၁၃၂၂၃၀နှင့် အများသိစေရန်

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် ၁၂၈တွင် နေထိုင်သူ ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးချစ် ၁၂/အစန(နိုင်)၀၇၄၆၁၃၏ လွှဲအပ်ချက်အရ ဦးစောကိုရဲသန်း ၁၂/အစန(နိုင်)၁၃၂၂၃၀ (ဘ)ဦးခင်မောင်သန်း၊ အမှတ် က/၇၆၊ ပဒေသာလမ်း၊ ဖော့ကန်ရပ်ကွက် အင်းစိန်မြို့နယ်နေသူနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးချစ်သည် မိမိပိုင်ငွေဖြင့် အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ပဒေသာလမ်း၊ အမှတ် (က-၇၁) ဟုခေါ်တွင်သော အကျယ်အဝန်း ၁ ဒသမ ၂၄ဧကရှိ မြေကွက်ကိုဝယ်ယူခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေက အိမ်ထောင်စု ၃၂စုကို အဆိုပါမြေကွက်ပေါ်တွင် အခမဲ့(မေတ္တာဖြင့်) နေထိုင်ခွင့်ပြုခဲ့ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေက ဦးစောကိုရဲသန်းအား ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်စာချုပ်အမှတ် B VI ၁၈၆/၂၀၀၅ ဖြင့် လွှဲအပ်ပေးခဲ့ရာ ဦးစောကိုရဲသန်းသည် ၃-၈-၂၀၀၉ရက်တွင် အဆိုပါခြံမြေအတွင်းရှိ နေအိမ်များကျူးကျော်ဝင်ရောက်နေမှုကို ဖျက်သိမ်းထွက်ခွာပေးရန် အကြောင်းကြားခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေနှင့် တာဝန်ရှိသူများက ဖြေရှင်းနေရပါသည်။

အဆိုပါမြေကွက်ပေါ်တွင် လုပ်ငန်းများဆောင်ရွက်ရာ၌ လွယ်ကူစေရန်ရည်ရွယ်ရေးရှုပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးချစ်က ဦးစောကိုရဲသန်းအား အထွေထွေကိုယ်စားလှယ်ပေးအပ်ခဲ့ရာ မမှန်မကန်ပြုလုပ်နေသဖြင့် ၇-၁-၂၀၁၀ရက်တွင် အထွေထွေကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းကြောင်း မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးချစ်ကလည်း ဦးစောကိုရဲသန်းအပါအဝင် မမှန်မကန်တိုင်ကြားသူများအားလုံးနှင့် ပါဝင်ပတ်သက်သူများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် ဦးစောကိုရဲသန်းကလည်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံပါက တရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်နိုင်ပါကြောင်းနှင့် အဆိုပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးချစ်ကသာ ယနေ့တိုင် ပိုင်ဆိုင်လျက်ရှိပါကြောင်း ဦးစောကိုရဲသန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ညွန့်
တရားရုံးချုပ်ရှေ့နေ(စဉ်-၆၅၇၂)
B.Sc (Chem)., H.G.P., R.L
Advocate & Legal Consultant
ရုံးအမှတ် ၆၆၂၊ ခိုင်ရွှေဝါလမ်း၊ (၈)ရပ်ကွက်၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၁၉၁၁။

ပဏ္ဍိတာရာမ ဓမ္မဓိသားစုဆုံစည်းပွဲ

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ သြဝါဒခံ ပြည်တွင်းပြည်ပ သာသနာ့ရိပ်သာများ၏ သာသနာရေးလုပ်ငန်းစဉ်များ ရေရှည်လည်ပတ်နိုင်ရန် ရှေးရှုလျက် ကျေးဇူးတော်ရှင်ဆရာတော်ကြီး၏ သြဝါဒကထာကို ရဟန်း၊ ရှင်၊ လူ တပည့် ဒါယကာ ဒါယိကာမ ဓမ္မဓိသားစုအားလုံး စည်းလုံးညီညွတ်စွာဖြင့် နာယူကြပါမည်။

ဗုဒ္ဓမြတ်စွာသာသနာတော်(ဗုဒ္ဓယဉ်ကျေးမှု)တိုးတက်စည်ကား ပြန့်ပွားရေးကို ရှေးရှုလျက် ပဏ္ဍိတာရာမ ဓမ္မသွေးရင်းသူနှင့် ဓမ္မသွေးမကင်းသူအားလုံး နိုးကြားတက်ကြွစွာဖြင့် အရောက်လှမ်းလာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျင်းပမည့်ရက်

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ (၂-၃-၄)ရက်

၁၃၇၁ ခုနှစ် တပို့တွဲလပြည့်ကျော် (၄-၅-၆)ရက်

ကျင်းပမည့်နေရာ

ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ

အမှတ်(၈၀-က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း- ၀၁-၅၃၅၄၄၈၊ ၇၀၅၅၂၅။

ဥတုရာသီ တောကိုမှီ၏။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၁၃၃၂ Kenbo Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၇/ပခန(နိုင်)၁၃၄၄၁၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းဦးစီးမှူးရုံး)၊ ပဲခူး။

ရောင်းမည်

Honda Wave 100,
Honda 125, XGJAO Tena
၁ယ/၉သောင်းကျော်
ဆက်သွယ်ရန် ဖုန်း-၀၁-၅၃၄၅၂၈၊ ၀၉-၅၀၂၆၂၁၉။

Taxi CNG ငှားရန်

မာဇဒါ၊ ဆီဒင်၊ ၁၃၀၀၊ ဆလွန်း
ယာဉ်မောင်း နေ့(၁)၊ ည(၁)
အလိုရှိသည်။
(မြို့တွင်းနေသူသာ/ပွဲစားမလို)
ဖုန်း-၀၉-၅၁၇၆၈၁၀။

အယူတော်ခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ကြားသိစေသည့် အကြောင်းကြားစာ

ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး

၂၀၀၉ခုနှစ် တရားမအယူခံမှုအမှတ်-၁၆

ဦးသိန်းအောင် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ်ဦးစိုးမြင့်)	နှင့်	၁။ ဦးကာမလွတ်သင်း ၂။ ဦးကယွန်း ၃။ ဒေါ်သန်းသန်းမြင့်	၄။ ဒေါ်ဝေဝေမြင့် ၅။ စလင်း(ခ)မောင်တင်အောင်အောင်
အယူခံတရားလို			အယူခံတရားပြိုင်များ

၂၀၀၉ခုနှစ် ဩဂုတ်၂၀ရက်စွဲပါ သာယာဝတီခရိုင်တရားရုံးတော်မှ တရားမကြီးမှုအမှတ်၁၉/၂၀၀၈ ကို အယူတော်ခံမှု။

သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ လမ်းမတော်လမ်း၊ ဈေးရပ်ကွက်(ယခုနေရပ်လိပ်စာမသိ)အယူခံတရားပြိုင် စလင်း(ခ)မောင်တင်အောင်အောင် သိစေရမည်။

ယခုအမှုတွင် သာယာဝတီခရိုင် တရားရုံးမှချပေးသည့်ဒီကရီကို အယူခံတရားလို ဦးသိန်းအောင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးမြင့်)ကအယူခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၀ခုနှစ် ဇန်နဝါရီ၁၉ရက်(၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၅ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံခွင့်ရှိသောဤအမှုတွင် ဒီကရီကိုကန့်ကွက်လိုလျှင် ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးသန်း
တွဲဖက်တိုင်းတရားသူကြီး၊ ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး၊ ပြည်မြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

လမ်းပန်းဆက်သွယ်ရေးကို ပြည်နယ်နှင့်တိုင်းအားလုံး လွယ်ကူစွာသွားလာနိုင်သည်အထိ ကွန်ရက်သဖွယ်စီမံ
ဟင်္သာတ-ဧလွန်-ဓနုဖြူ-ညောင်တုန်း-ရန်ကုန် ရထားလမ်းပြီးစီးပါက ကုန်စည်စီးဆင်းမှု ပိုမိုအကျိုးဖြစ်ထွန်း
အခြေခံကောင်းများအသုံးပြု၍ မိမိတို့စီးပွားအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ကန်ကြီးထောင့်မြို့နယ် ဆင်ခေါင်းကျေးရွာအနီးရှိ ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပုသိမ်(ဘဲဂရက်)-အိမ်မဲလမ်းပိုင်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)